# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် ၊နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉) ၊ အမှတ်(၄၁)၊ ၁၃၈၇ ခုနှစ် ၊ ပြာသိုလပြည့်ကျော် ၇ ရက် ၊ ၉-၁-၂၀၂၆၊ သောကြာနေ့။


## မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

ရတနာသုံးပါးတည်းဟူသော ဤကိုးကွယ်ရာသည် သာလျှင် ဘေးကင်းစေနိုင်သော ကိုးကွယ်ရာ၊ မြတ်သော ကိုးကွယ်ရာမည်၏။ ဤရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သည့်အတွက် ဆင်းရဲအားလုံးမှ လွတ်၏။

(ဓမ္မပဒ)

## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဆင်တဲနှင့် ထုံးဘိုတို့ရှိ တပ်မတော်အကြီးစားစက်ရုံများ၌ လယ်ယာသုံးစက်ကိရိယာများနှင့် မော်တော်ယာဉ်များ ထုတ်လုပ်နေမှုအား သွားရောက်ကြည့်ရှုစစ်ဆေး



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တပ်မတော် အကြီးစားစက်ရုံ (ဆင်တဲ) လယ်ယာသုံးစက်ပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများ ထုတ်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

နေပြည်တော် ဇန်နဝါရီ ၈

နိုင်ငံတော် လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ကော်မရှင်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ခရီးစဉ်တွင် လိုက်ပါလာသည့်အဖွဲ့ဝင်များ၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့တွင် ပဲခူးတိုင်းဒေသကြီး ဆင်တဲနှင့် ထုံးဘိုတို့ရှိ နယ်မြေခံတပ်မတော်အကြီးစားစက်ရုံများ၌ လယ်ယာသုံးစက်ကိရိယာများ၊ မော်တော်ယာဉ်များ ထုတ်လုပ်နေမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

### လိုအပ်သည်များ လမ်းညွှန်မှာကြား

ဦးစွာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် နံနက်ပိုင်းတွင် တပ်မတော်အကြီးစားစက်ရုံ (ဆင်တဲ) သို့ ရောက်ရှိကြပြီး စက်ရုံမှ ထုတ်လုပ်ထားရှိသည့် လက်ဆွဲကောက်စိုက်စက်နှင့် Manual Drum Seeder များအား ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော် လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

### ရှင်းလင်းတင်ပြ

ထို့နောက် စက်ရုံအစည်းအဝေးခန်းမတွင် စက်ရုံမှူးက စက်ရုံသမိုင်းအကျဉ်း၊ ဝန်ထမ်းများ ခန့်အပ်ထားရှိမှု၊ ရည်မှန်းချက်တာဝန်များ၊ စက်ရုံမှလယ်ယာသုံးစက်ပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများ ထုတ်လုပ်လျက်ရှိမှု၊ စက်ပစ္စည်းများ ပြုပြင်ထိန်းသိမ်းရေး

စာမျက်နှာ ၃ သို့ ○

## မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် တိမ်အနည်းငယ် ဖြစ်ထွန်းမည်

နေပြည်တော် ဇန်နဝါရီ ၈

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်းနှင့် ကယားပြည်နယ်တို့တွင် အများအားဖြင့် သာယာပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**မြန်မာ့ပင်လယ်ပြင်မှာ** လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၅ ပေမှ ၇ ပေခန့် ရှိနိုင်ပါသည်။

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** ကချင်ပြည်နယ်နှင့်ရှမ်းပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်ပါသည်။

**နေပြည်တော်နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အနည်းငယ် ဖြစ်ထွန်းမည်။

**မန္တလေးမြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အနည်းငယ် ဖြစ်ထွန်းမည်။**မိုး/စလ**

၂၀၂၆ ခုနှစ် ၊ ဇန်နဝါရီ ၉ ရက် ၊ သောကြာနေ့ ။

မန္တလေး

## ရာသီဥတုပြောင်းလဲမှုကြောင့် သီးနှံအထွက်နှုန်းနှင့် တောင်သူအပေါ် ထိခိုက်မှုလျော့ချနိုင်ရေး ဆောင်ရွက်လျက်ရှိ

စိုက်ပျိုးရေး မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် တောင်သူများအတွက်သာမက နိုင်ငံအတွက် စားရေရိက္ခာဖူလုံရေး၊ တောင်သူများ၏ သိမြင်မှုနှင့် သဘောထားများ၊ ပြောင်းလဲလာသော ရာသီဥတုနှင့် စိုက်ပျိုးရေးလုပ်ငန်းများအတွက် အသိပညာပေးခြင်း၊ စကားဝိုင်းဆွေးနွေးပွဲများ ကျင်းပပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိသည်။ ဗုဒ္ဓဟူးနေ့က (၅၁)ကြိမ်မြောက် စကားဝိုင်းဆွေးနွေးပွဲကို ရာသီဥတုဒဏ်ကြောင့် သီးနှံအထွက်နှုန်း ထိခိုက်မှု၊ တောင်သူအပေါ် ထိခိုက်မှုလျော့ချရန် သီးနှံအာမခံစနစ် ပေါ်ပေါက်စေရေး ခေါင်းစဉ်ဖြင့် ဇန်နဝါရီ ၇ ရက် မွန်းလွဲပိုင်းက ပြည်ထောင်စုဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က သီးနှံအာမခံစနစ်ဆိုသည်မှာ တောင်သူများအတွက်သာမက စားရေရိက္ခာဖူလုံရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ နိုင်ငံ့စီးပွားတည်ငြိမ်ရေးအတွက်ပါ မဖြစ်မနေဖော်ဆောင်ရမည့် လုပ်ငန်းတစ်ခုဖြစ်ပါကြောင်း၊ ရိတ်သိမ်းခါနီးအချိန်တွင် မမျှော်လင့်ထားသည့် သဘာဝဘေးအန္တရာယ်တစ်ခုခုကြောင့် သီးနှံများပျက်စီးသွားပါက တောင်သူများ ရင်းနှီးမြှုပ်နှံထားသည့် အရင်းအနှီးများ ဆုံးရှုံးစေရုံသာမက တောင်သူတစ်ဦးချင်းစီ၏ မိသားစုဘဝကို ထိခိုက်စေပြီး နိုင်ငံတော်၏ စိုက်ပျိုးထုတ်လုပ်မှုကွင်းဆက်(Value Chain)တစ်ခုလုံးကိုပါ ထိခိုက်စေပါကြောင်း၊ ရာသီဥတုပြောင်းလဲဖြစ်စဉ်များကြောင့် သီးနှံအထွက်နှုန်းနှင့် တောင်သူအပေါ် ထိခိုက်မှုလျော့ချနိုင်ရေးကို ထိရောက်စွာ ဖြေရှင်းနိုင်စေရန် တောင်သူများအတွက် နိုင်ငံတကာ အသိအမှတ်ပြုသည့် သီးနှံအာမခံစနစ်ကို ထားရှိစေခြင်းဖြစ်ပါကြောင်း၊ သီးနှံအာမခံစနစ်ကို ကြိုတင်ကာကွယ်မှုဆိုင်ရာ စီမံခန့်ခွဲမှုအဖြစ် စနစ်တကျ အကောင်အထည်ဖော်သွားကြရန်နှင့် သဘာဝဘေးကြောင့် သီးနှံပျက်စီးသည့်အခါ တောင်သူများအနေဖြင့် ထိုက်သင့်သည့် လျော်ကြေးငွေကို ပြန်လည်ရရှိစေပြီး နောက်တစ်ရာသီအတွက် ပြန်လည်စိုက်ပျိုးနိုင်ရန် အရင်းအနှီးရရှိစေမည်ဖြစ်ပါကြောင်း၊ သီးနှံအာမခံစနစ်ကို အကောင်အထည်ဖော်ရာတွင် အစိုးရနှင့် ပုဂ္ဂလိက ကဏ္ဍ ပူးပေါင်းဆောင်ရွက်သွားရန်ဖြစ်ပြီး အစိုးရအနေဖြင့် လိုအပ်သည့် မူဝါဒ၊ ဥပဒေနှင့် လုပ်ထုံးလုပ်နည်းများကို ရေးဆွဲခြင်းနှင့် အာမခံပရီမီယံကြေး သတ်မှတ်ပေးနိုင်ရေးကိုလည်း စဉ်းစားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

စကားဝိုင်းဆွေးနွေးပွဲတွင် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ စိုက်ပျိုးရေးဦးစီးဌာန၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာနတို့မှ ပညာရှင်များက သီးနှံများ၏ အထွက်နှုန်းကွာဟချက်(Yield Gap)အပေါ် ပတ်ဝန်းကျင်ဆိုင်ရာ အချက်အလက်များ၏ သက်ရောက်မှုများ၊ သီးနှံအာမခံစနစ်နှင့်ပတ်သက်၍ စိုက်ပျိုးရေးဦးစီးဌာနက လက်ရှိဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များ၊ ရာသီဥတုဒဏ်ကြောင့် သီးနှံအထွက်နှုန်းထိခိုက်မှုကြောင့် တောင်သူများအပေါ် ထိခိုက်မှုလျော့ချရန် လိုက်လျောညီထွေဖြစ်စေသော အလေ့အကျင့်များ၊ သီးနှံအာမခံစနစ်အမျိုးအစားများ၊ သီးနှံအာမခံထားရာတွင် ပါဝင်သင့်သည့် အချက်များနှင့် သတိပြုရမည့်အချက်များ၊ ရာသီဥတုပြောင်းလဲမှုကြောင့် တောင်သူများ၏ ထိခိုက်မှုလျော့ချရန် ကိုင်တွယ်ဖြေရှင်းခြင်း နည်းဗျူဟာများ(Copping Strategies)၊ သုတေသနရလဒ်များအရ သီးနှံအာမခံစနစ်နှင့်ပတ်သက်၍ မြန်မာနိုင်ငံအတွင်းရှိ တောင်သူများ၏ သိမြင်မှုနှင့် သဘောထားများကို ဆွေးနွေးခဲ့ကြသည်။

သို့ဖြစ်ရာ ရာသီဥတုပြောင်းလဲဖြစ်စဉ်များကြောင့် သီးနှံအထွက်နှုန်းနှင့် တောင်သူအပေါ် ထိခိုက်မှုလျော့ချနိုင်ရေး၊ ရာသီဥတုနှင့် လိုက်လျောညီထွေဖြစ်အောင် သီးနှံများကို တောင်သူများ စိုက်ပျိုးထုတ်လုပ်သည့်အခါ သီးနှံအာမခံစနစ် ကျင့်သုံးမည်ဆိုပါက ရရှိမည့် အကျိုးကျေးဇူးများကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက စီမံဆောင်ရွက်လျက်ရှိကြောင်း ရေးသားလိုက်ရပေသည်။

## ၂၀၂၆ ခုနှစ်၊ (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

၁။ နိုင်ငံတော်၏ အမျိုးသားရေးရည်မှန်းချက်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် တိုင်းရင်းသားပြည်သူအားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။
၂။ တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရ၊ တပ်မတော်တို့နှင့်အတူ တိုင်းရင်းသားလူမျိုးများအားလုံး လက်တွဲပူးပေါင်းဆောင်ရွက်ရေး။
၃။ နိုင်ငံတော်အတွင်းတရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းတည်းဟူသော လောကပါလတရားများ ထွန်းကားလျက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ထာဝရငြိမ်းချမ်းရေး တည်ဆောက်နိုင်ရန်အတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။
၄။ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ရင်းနှီးချစ်ကြည်မှု၊ ယုံကြည်မှု၊ စည်းလုံးညီညွတ်မှု၊ စုစည်းလုပ်ဆောင်မှုတို့ဖြင့် စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်ရေး။
၅။ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ဖြစ်ပေါ်လာရေးနှင့် တိုင်းရင်းသားများ၏ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်အောင် ဝိုင်းဝန်းဖော်ဆောင်ရေး။

## မြန်မာနိုင်ငံပြန်တမ်း

### အမြဲတမ်းအတွင်းဝန်/ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ပေးအပ်ခြင်း

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးမှ ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ကျော် အား အမြဲတမ်းအတွင်းဝန်/ ညွှန်ကြားရေးမှူးချုပ်တာဝန်များကို ထမ်းဆောင်ရန် တာဝန်ပေးအပ်လိုက်သည်။

## ၈ - ၁ - ၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး(Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗ စင်တီမီတာနှင့် အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်) ၏ဈေးနှုန်းမှာ ၆၀၀၀၀၀၀ ကျပ် ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး သတ်မှတ်ရေးကော်မတီ

## ကျောက်ဆည်ခရိုင် လူထုအခြေပြုပဟိုဌာန၌ ပျော်ရွှင်ခြင်းစာအုပ် စာဖတ်ဝိုင်းကျင်းပ

**ကျောက်ဆည် ဇန်နဝါရီ ၈**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ကျောက်ဆည်မြို့နယ် စာအုပ်စာစောင် ချစ်မြတ်နိုးသူများအသင်းတို့ပူးပေါင်းပြီး ယမန်နေ့ မွန်းလွဲ ၁ နာရီက လူထုအခြေပြုဗဟိုဌာန၌ စာရေးဆရာ ကျော်ကျော်လှိုင်ရေးသားသည့် ပျော်ရွှင်ခြင်း စာအုပ်စာဖတ်ဝိုင်း ကျင်းပပြုလုပ်ခဲ့သည်။

စာဖတ်ဝိုင်းတွင် ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်တင်ထွေးက မိမိဘဝကို တိုးတက်အောင် နေ့စဉ်အကောင်းဆုံး ကြိုးစားခြင်း၊ ကိုယ်ချင်းစာတရားလက်ကိုင်ထားခြင်း၊ အများအကျိုးကို ဆောင်ရွက်ခြင်းတို့သည် ပျော်ရွှင်မှုအများဆုံးပေးနိုင်သော အရာများဖြစ်ကြောင်း၊ အောင်မြင်သူတိုင်း ပျော်ရွှင်ချင်မှ ပျော်ရွှင်မည်ဖြစ်သော်လည်း၊ ပျော်ရွှင်စွာနေထိုင်သူတိုင်းသည် အောင်မြင်သူများဖြစ်ကြောင်းနှင့် ကျောက်ဆည်မြို့နယ် စာအုပ်စာစောင်ချစ်မြတ်နိုးသူများအသင်း ဥက္ကဋ္ဌ ဦးကျော်သန်း၊ မောင်ခိုင်ကျော်(ကျောက်ဆည်)က စာအုပ်တွင်ပါရှိသည့် ပျော်ရွှင်မှုနှင့် ယုံတမ်းစကား၊ စိတ်ပူပန်တတ်သည့်အကျင့်ကို ဖျောက်ပါ၊ ပျော်ရွှင်မှုနှင့် အခက်အခဲ၊ အလုပ်မှာပျော်အောင်နေပါ၊ ငါပျော်ချင်တယ် စသည့်အကြောင်းများကို ဆွေးနွေးခဲ့သည်။

ထို့နောက် စာဖတ်ဝိုင်းသို့ တက်ရောက်လာကြသည့် ကျောင်းသား၊ ကျောင်းသူများက ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ခင်းကျင်းပြသထားသော သုတ၊ ရသစာအုပ်များနှင့် အရွယ်မရောက်သေးသော ကလေးသူငယ်များ စစ်မှုထမ်းခြင်းမှ ကာကွယ်ခြင်း၊ ယာဉ်စည်းကမ်းလမ်းစည်းကမ်းနှင့် အန္တရာယ်ကင်းရှင်းရေး၊ ကလေးအလုပ်သမားပပျောက်ရေး၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေး အသိပညာပေး နံရံကပ်စာစောင်များကို စိတ်ပါဝင်စားစွာ ကြည့်ရှုခဲ့ကြောင်း သိရသည်။

(၄၈၅)

၀-၀-၀-၀-၀

## ပြည်သူများအား အခြေခံစားသောက်ကုန်များကို အထူးသက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ

**မန္တလေး ဇန်နဝါရီ ၈**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရုံးဖွင့်ရက်များတွင် မြို့နယ်အလိုက် ရောင်းချပေးလျက်ရှိရာ ယနေ့ နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်၊ ဟေမာဇလရပ်ကွက်၊ ၂၇ လမ်း၊ ၇၇လမ်းနှင့် ၇၈လမ်းကြားတို့တွင် ရောင်းချပေးခဲ့သည်။



သက်သာဈေးရောင်းချမည့် အစီအစဉ်များကို ဇန်နဝါရီ ၉ ရက်တွင် အောင်မြေသာစံမြို့နယ်၊ ၁၀ လမ်း၊ ဒေါနဘွားရပ်ကွက်၊ ဓာတ်ငွေ့စက်ရုံအနီးနှင့် ချမ်းအေးသာစံမြို့နယ်၊ ရွှေလုံးရပ်ကွက်၊ ၂၇ လမ်း၊ ၇၁လမ်းနှင့် ၇၂လမ်းကြားတို့တွင်လည်းကောင်း ရောင်းချပေးသွားမည်ဖြစ်သည်။

ထိုသို့ တိုက်ရိုက်ရောင်းချနေမှုအစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေးနှင့် တာဝန်ရှိသူများ၊ ဈေးနှင့် သားသတ်ဌာန ဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်၍ ပြည်သူများ အဆင်ပြေစွာ ဝယ်ယူရရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။


(ဝဲပုံ)

(မန္တလေးနေ့စဉ်-၆)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်






နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား တပ်မတော် အကြီးစားစက်ရုံ(ဆင်တဲ) အစည်းအဝေးခန်းမ၌ စက်ရုံမှူးက လုပ်ငန်းများဆောင်ရွက်နေမှု အခြေအနေကို ရှင်းလင်းတင်ပြစဉ်။

❖ မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးလုပ်ငန်းကို အဓိကစီးပွားရေးအဖြစ် ဆောင်ရွက်သည့် နိုင်ငံဖြစ်သဖြင့် နိုင်ငံတော်၏ လယ်ယာစိုက်ပျိုးရေးကဏ္ဍ တိုးတက်စေရေးအတွက် လိုအပ်သည့် လယ်ထွန်စက်များနှင့် စက်ကိရိယာများအား ပိုမိုတိုးတက်ထုတ်လုပ်နိုင်ရေး ဆောင်ရွက်

❖ စက်ရုံ၏ ကုန်ထုတ်လုပ်ငန်းများအတွက် လိုအပ်သောကျွမ်းကျင်လုပ်သားများရရှိစေရေး ဆောင်ရွက်သွားရန်လို

❖ ထုတ်လုပ်လိုက်သည့် စက်ပစ္စည်းများ အရည်အသွေးပြည့်မီစေရေးအတွက် စနစ်တကျ သုတေသနပြုထုတ်လုပ်

○ ရှေ့ဖုံးမှ

လုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှုနှင့် စက်ကိရိယာများ၊ လက်သုံးကိရိယာများ ထုတ်လုပ်မှု၊ လယ်ယာသုံးစက်ကိရိယာများ ပိုမိုတိုးတက်ထုတ်လုပ်နိုင်ရေးအတွက် သုတေသနလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

**ချီးမြှင့်မှုများကိုလည်း ဆောင်ရွက်**

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးလုပ်ငန်းကို အဓိကစီးပွားရေးအဖြစ် ဆောင်ရွက်သည့် နိုင်ငံဖြစ်သဖြင့် နိုင်ငံတော်၏ လယ်ယာစိုက်ပျိုးရေးကဏ္ဍ တိုးတက်စေရေးအတွက် လိုအပ်သည့် လယ်ထွန်စက်များနှင့် စက်ကိရိယာများအား ပိုမိုတိုးတက်ထုတ်လုပ်နိုင်ရေး ဆောင်ရွက်သွားရန်လိုကြောင်း၊ စက်ရုံ၏ ကုန်ထုတ်လုပ်ငန်းများအတွက် လိုအပ်သောကျွမ်းကျင်လုပ်သားများ ရရှိစေရေး ဆောင်ရွက်သွားရန်လိုကြောင်း၊ ထုတ်လုပ်လိုက်သည့် စက်ပစ္စည်းများ အရည်အသွေးပြည့်မီစေရေးအတွက် စနစ်တကျသုတေသနပြု ထုတ်လုပ်သွားရန်လိုကြောင်း၊ ဝန်ထမ်းများ၏ စားသောက်နေထိုင်ရေးနှင့် သက်သာချောင်ချိရေးလုပ်ငန်းများ ဖြည့်ဆည်းဆောင်ရွက်ပေးရန် လိုအပ်သကဲ့သို့ လုပ်ငန်းခွင်ကျွမ်းကျင်မှုအလိုက် ချီးမြှင့်မှုများကိုလည်း ဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ စားရေးကိုအထောက်အကူဖြစ်စေသည့် တပ်ပိုင်စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများကိုလည်း ဆောင်ရွက်သွားရန်လိုကြောင်း၊ ဝန်ထမ်းမိသားစုဝင်သားသမီးများ၏ ပညာရည်မြင့်မားရေးကိုလည်း ဆောင်ရွက်ပေးသွားရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် စက်ရုံအတွင်းအလုပ်ရုံများအား လှည့်လည်၍ လက်ဆွဲကောက်စိုက်စက်၊ Manual Drum Seeder များနှင့် ဆက်စပ်ပစ္စည်းများ ထုတ်လုပ်နေမှု၊ သံရည်ကြိုအလုပ်ရုံအတွင်း စက်ပစ္စည်းအစိတ်အပိုင်းများ သွန်းလောင်းထုတ်လုပ်နေမှု၊ သံဂဟေချောင်းအလုပ်ရုံအတွင်း သံဂဟေချောင်းများ အဆင့်ဆင့်ထုတ်လုပ်နေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

**စက်ရုံဝန်ထမ်းများအတွက် ချီးမြှင့်ငွေများ ပေးအပ်**

ဆက်လက်၍ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က စက်ရုံဝန်ထမ်းများအတွက် ချီးမြှင့်ငွေများကို ပေးအပ်ရာ စက်ရုံမှူးက လက်ခံရယူသည်။

ညနေပိုင်းတွင် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တပ်မတော်အကြီးစားစက်ရုံ(ထုံးဘို) သို့ ရောက်ရှိကြရာ စက်ရုံအစည်းအဝေးခန်းမတွင် စက်ရုံမှူးက စက်ရုံသမိုင်းအကျဉ်း၊ ဝန်ထမ်းများခန့်အပ်ထားရှိမှု၊ ရည်မှန်းချက်တာဝန်များ၊ ထုတ်လုပ်နိုင်မှု စွမ်းရည်များနှင့် တစ်နှစ်ထုတ်လုပ်နိုင်မှု အခြေအနေများ၊ လမ်းညွှန်မှာကြားချက်များအား လိုက်နာဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ မော်တော်ယာဉ်များအား ထုတ်လုပ်လျက်ရှိမှု၊ သုတေသနပြု ဆောင်ရွက်လျက်ရှိမှုနှင့် စမ်းသပ်မောင်းနှင်ခြင်းများ ဆောင်ရွက်ပြီးစီးပါက တပ်မတော်နှင့် ဌာနဆိုင်ရာများသို့ ထုတ်ပေးလျက်ရှိမှုတို့နှင့် ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

**ပိုမိုတိုးမြှင့်ထုတ်လုပ်နိုင်ရေး စဉ်ဆက်မပြတ်ကြိုးပမ်း**

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က မော်တော်ယာဉ်များအား ထုတ်လုပ်ရာတွင် အစိတ်အပိုင်းများအားလုံးကို မိမိတို့ ကိုယ်တိုင်ထုတ်လုပ်အသုံးပြုနိုင်ရန်လိုပြီး အစိတ်အပိုင်းများအား ပိုမိုတိုးမြှင့်ထုတ်လုပ်နိုင်ရေး စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်သွားရန် လိုကြောင်း၊ ထုတ်လုပ်ပြီး စက်ပစ္စည်း အစိတ်အပိုင်းများအား တစ်ခုချင်းစီအလိုက် အရည်အသွေးစမ်းသပ်ခြင်းများ

စာမျက်နှာ ၄ သို့



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တပ်မတော်အကြီးစားစက်ရုံ(ဆင်တဲ) စက်ရုံအတွင်း အလုပ်ရုံများအား လှည့်လည်ကြည့်ရှုစဉ်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တပ်မတော် အကြီးစားစက်ရုံ(ထုံးဘို)၌ မော်တော်ယာဉ်အစိတ်အပိုင်း ထုတ်လုပ်မှုအဆင့်ဆင့်ကို ကြည့်ရှုစစ်ဆေးစဉ်။

*စာမျက်နှာ ၃ မှ*

ဆောင်ရွက်ပြီးမှသာ တပ်ဆင်အသုံးပြုခြင်းဆောင်ရွက်ရန်နှင့် မော်တော်ယာဉ် အရည်အသွေးစစ်ဆေးခြင်း၊ စမ်းသပ်မောင်းနှင်ခြင်းများကိုလည်း စနစ်တကျ ဆောင်ရွက်သွားရန်လိုကြောင်း၊ အရေအတွက်ပိုမိုတိုးမြှင့်ထုတ်လုပ်နိုင်ရေးနှင့် အရည်အသွေးပိုမိုကောင်းမွန်လာရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

**မော်တော်ယာဉ်များအား**
**လိုက်လံကြည့်ရှုစစ်ဆေး**

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် စက်ရုံအတွင်းရှိ အလုပ်ရုံများအတွင်း မော်တော်ယာဉ်များ ထုတ်လုပ်နေမှု လုပ်ငန်းစဉ်အဆင့်ဆင့်၊ ထုတ်လုပ်ပြီးမော်တော်ယာဉ်များအား စစ်ဆေးစမ်းသပ်နေမှုနှင့် ထုတ်လုပ်ထားရှိသည့် မော်တော်ယာဉ်များအား လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

**စက်ရုံဝန်ထမ်းများအတွက်**
**ချီးမြှင့်ငွေများပေးအပ်**

ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က စက်ရုံဝန်ထမ်းများအတွက် ချီးမြှင့်ငွေများကိုပေးအပ်ရာ စက်ရုံမှူးက လက်ခံရယူခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တပ်မတော် အကြီးစားစက်ရုံ(ထုံးဘို) ၌ ထုတ်လုပ်ထားရှိသည့် မော်တော်ယာဉ်များအား လိုက်လံကြည့်ရှုစစ်ဆေးစဉ်။

# နိုင်ငံတော်ပြတင်းတစ်ပေါက်စနစ် အကောင်အထည်ဖော်ရေး ဦးဆောင်ကော်မတီ၏ ညှိနှိုင်းအစည်းအဝေးကျင်းပ



နေပြည်တော် ဇန်နဝါရီ ၈

နိုင်ငံတော် ပြတင်းတစ်ပေါက်စနစ် အကောင်အထည်ဖော်ရေး ဦးဆောင်ကော်မတီ၏ ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပြည်တွင်းအခွန်များဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ကော်မတီဥက္ကဋ္ဌ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ ကော်မတီဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဟန်ဝင်းအောင်နှင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းမင်း၊ ကော်မတီဝင်များ ဖြစ်ကြသော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဇော်မြင့်နိုင်နှင့် သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**အကောင်အထည်ဖော်**

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတကာနှင့် အာဆီယံဒေသတွင်း တိုးတက်များပြားလာသည့် ကုန်သွယ်မှုလုပ်ငန်းများ လုပ်ဆောင်ရာတွင် လွယ်ကူ အဆင်ပြေချောမွေ့စေရေးအတွက်လည်းကောင်း၊ ကမ္ဘာ့အကောက်ခွန်အဖွဲ့၏ ပြန်လည်သုံးသပ်ပြင်ဆင်ထားသော ကျိုတိုသဘောတူညီချက်၏ အထွေထွေနောက်ဆက်တွဲပါ ပြဋ္ဌာန်းချက်များအရလည်းကောင်း၊ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေး သဘောတူညီချက်နှင့် အာဆီယံကုန်စည်ကုန်သွယ်ရေး သဘောတူညီချက်များအရလည်းကောင်း မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတော်ပြတင်းတစ်ပေါက်စနစ်ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

**ချိတ်ဆက်ဆောင်ရွက်**

နိုင်ငံတော်အဆင့် ပြတင်းတစ်ပေါက်စနစ်ကို ၂၀၂၈ ခုနှစ်တွင် မဖြစ်မနေ အကောင်အထည်ဖော် ဆောင်ရွက်ရမည်ဖြစ်ရာ ဆက်လက် ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာဌာနများက ပူးပေါင်းပါဝင်ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ထို့ပြင် နိုင်ငံတော်ပြတင်းတစ်ပေါက်စနစ် တည်ထောင်နိုင်ရေးအတွက် လိုအပ်သော ရန်ပုံငွေ ခွင့်ပြုချက်ရရှိရေး ဆောင်ရွက်ရမည်ဖြစ်ပြီး စနစ်အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် နည်းပညာနှင့် ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို အချိန်နှင့် တစ်ပြေးညီ ဆောင်ရွက်ကြရန် ဖြစ်ကြောင်း၊ စနစ် အကောင်အထည်ဖော်ရေး လုပ်ငန်းစဉ်များတွင် ချိတ်ဆက်ဆောင်ရွက်နိုင်ရေး အတွက် သက်ဆိုင်ရာဌာနများ အနေဖြင့် ပါဝင်သည့်ကဏ္ဍအလိုက် လုပ်ငန်းတာဝန်များကို ပြည့်ဝစွာ ဆောင်ရွက်ကြရန် ပြောကြားသည်။

**ဆွေးနွေးတင်ပြ**

ထို့နောက် ကော်မတီအတွင်းရေးမှူး အကောက်ခွန်ဦးစီးဌာနညွှန်ကြားရေးမှူးချုပ်က နိုင်ငံတော်အဆင့် ပြတင်းတစ်ပေါက်စနစ် အကောင်အထည်ဖော် ဆောင်ရွက်မှုနှင့် ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကိုလည်းကောင်း၊ ကော်မတီဒုတိယဥက္ကဋ္ဌ (၁) ဒုတိယဝန်ကြီး ဦးဟန်ဝင်းအောင်က နိုင်ငံတော်အဆင့် ပြတင်းတစ်ပေါက်စနစ် အကောင်အထည်ဖော်ရေးအတွက် လုပ်ငန်းစဉ်များကို သတ်မှတ်ချိန်အတွင်း ပြီးစီးအောင် ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာဌာနများက ပူးပေါင်းဆောင်ရွက်ရမည့် အခြေအနေများကိုလည်းကောင်း၊ ကော်မတီဒုတိယဥက္ကဋ္ဌ (၂) ဒုတိယဝန်ကြီး ဦးမင်းမင်းက ကုန်သွယ်ရေး လွယ်ကူချောမွေ့စေရေး ဆိုင်ရာသဘောတူညီချက် Article (10.4) နှင့်အညီ ဆောင်ရွက်နေမှုအခြေအနေများကို လည်းကောင်း၊ ကော်မတီအဖွဲ့ဝင် ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်းက နည်းပညာပိုင်းဆိုင်ရာ ကိစ္စရပ်များအား လည်းကောင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဇော်မြင့်နိုင်က ငွေကြေး၊ ဘဏ်လုပ်ငန်းနှင့် ကုန်သွယ်မှုအတွက်ငွေပေးချေမှုဆိုင်ရာကိစ္စရပ်များကို လည်းကောင်း ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် သက်ဆိုင်ရာဌာနများမှ ကော်မတီအဖွဲ့ဝင်များက ဥပဒေပိုင်းဆိုင်ရာကိစ္စရပ်များ၊ သတင်းအချက်အလက်များ မှန်ကန်မှုနှင့် လုံခြုံမှုရှိရေးဆိုင်ရာကိစ္စရပ်များ၊ ငွေကြေးနှင့် ဘဏ်လုပ်ငန်းဆိုင်ရာကိစ္စရပ်များ၊ စနစ်အကောင်အထည် ဖော်ရေးတွင် ကုမ္ပဏီများ ပါဝင်ဆောင်ရွက်လာခြင်းဖြင့် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်လာနိုင်မှု အခြေအနေများ၊ အဓိက ပို့ကုန်၊ သွင်းကုန်များဖြစ်သော စိုက်ပျိုးရေးနှင့် ရေလုပ်ငန်းထွက်ကုန်များဆိုင်ရာ ပိုးမွှားကင်းစင်ရေး (Technical Barriers to Trade - TBT နှင့် Sanitary and Phytosanitary (SPS) measures) ဆိုင်ရာကိစ္စရပ်များ၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲမှု (Food and Drug Administration - FDA) စသည်တို့နှင့် စပ်လျဉ်း၍ နည်းပညာ အသုံးပြုဆောင်ရွက်နေသည့်ကိစ္စရပ်များကို ဆွေးနွေးတင်ပြကြသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ဖြည့်စွက်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

**ဒို့ညီနောင်ထု တည်ထောင်ပြု**
**ပြည်ထောင်စုအတွက် လက်ချင်းဆက်။**

**စည်းလုံးချစ်ကြည် မြဲခိုင်ကျည်**
**ပေါင်းစုညီညာ ပြည်သာယာ။**






ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပန်းတောင်းမြို့ရှိ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံပွဲတွင် အမှာစကားပြောကြားစဉ်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပန်းတောင်းမြို့ရှိ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများဆွေးနွေး

**❒ ပန်းတောင်းမြို့နယ်အတွင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိသဖြင့် ဒေသမှထွက်ရှိသည့် ပဲနှင့်ဆန်များကိုအသုံးပြု၍ ကြာဆံများကို ထုတ်ကုန်တစ်ခုအဖြစ် ထုတ်လုပ်နိုင်ကြောင်း၊ အလားတူ ပန်းတောင်းမြို့နယ်အတွင်း ဝါအား စမ်းသပ်စိုက်ပျိုးနေသည်ကို သိရှိရကြောင်း၊ စိုက်ပျိုးဖြစ်ထွန်းမှုအပေါ်မူတည်ပြီး ဝါကိုအခြေခံသည့် ဝါဂွမ်း၊ ချည်မျှင်နှင့် အထည်ထုတ်လုပ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်နိုင်သကဲ့သို့ ဝါစေ့ဆီကိုလည်း ထုတ်လုပ်နိုင်ကြောင်း၊ ထို့ကြောင့် ဒေသတွင်း ဝါစိုက်ပျိုးခြင်းကို မြှင့်တင်ဆောင်ရွက်ကြစေလို**

နေပြည်တော် ဇန်နဝါရီ ၈

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့ရှိ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ရပ်မိရပ်ဖများအား ယနေ့နံနက်ပိုင်းတွင်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများအား ဆွေးနွေးပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲအခမ်းအနားသို့ ကော်မရှင်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ၊ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ပန်းတောင်းမြို့ရှိ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ MSME လုပ်ငန်းရှင်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။

## ရှင်းလင်းတင်ပြ

ဦးစွာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်က ဒေသဆိုင်ရာအချက်အလက်များ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ စိုက်ပျိုးရေးလုပ်ငန်းများအတွက် လျှပ်စစ်မြစ်ရေတင်လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိမှု၊ ဒေသအတွင်း အသား၊ ငါး၊ နို့နှင့် ဥ ဖူလုံမှုအခြေအနေများ၊ MSME လုပ်ငန်းများဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိမှု၊ အသက်မွေးဝမ်းကျောင်းသင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိမှု၊ ဒေသတွင်း ပညာရည်မြှင့်တင်ရေးနှင့်၊ ကျန်းမာရေးကဏ္ဍမြှင့်တင်ရေးဆောင်ရွက်ပေးလျက်ရှိမှု၊ ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများ ပြင်ဆင်ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် မြို့မိမြို့ဖများက ပန်းတောင်းမြို့နယ်ဥသျှစ်ပင်မြို့သည် လမ်းဆုံလမ်းခွနေရာတွင် တည်ရှိနေပြီး တိုင်းလေးတိုင်းဆုံရာ အချက်အချာကျသည့် နေရာတစ်ခုဖြစ်သဖြင့် လမ်းဆုံနေရာအား အထိမ်းအမှတ်နေရာတစ်ခုကို ခမ်းနားထည်ဝါစွာဖြင့် တည်ဆောက်ပေးစေလိုမှု၊ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ပန်းတောင်းမြို့နယ်သို့ ပထမဦးဆုံးလာရောက်ခဲ့သည့် နိုင်ငံတော်အကြီးအကဲတစ်ဦးဖြစ်သဖြင့် ဒေသခံများအနေဖြင့် ဝမ်းမြောက်ဂုဏ်ယူလျက်ရှိမှု၊ နိုင်ငံတော်အကြီးအကဲ၏ဦးဆောင်မှု၊ ပြည်သူလူထု၏ လိုက်ပါဆောင်ရွက်မှုတို့ဖြင့် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့ပြီး ပန်းတောင်းမြို့နယ်မှ ဒေသခံများအနေဖြင့်လည်း ရွေးကောက်ပွဲ အောင်မြင်မှုရှိစေရေး တညီတညွတ်တည်း ပါဝင်ဆောင်ရွက်လျက်ရှိမှုတို့နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးကိုကိုလွင်၊ ဒေါက်တာချာလီသန်း၊ ဦးမင်းနောင်တို့က ပန်းတောင်းမြို့နယ်အနေဖြင့် စက်မှုလုပ်ငန်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်း၊ ဝန်ဆောင်မှုလုပ်ငန်းများကို အောင်မြင်စွာဆောင်ရွက်နိုင်သည့် အခြေခံကောင်းများကို ပိုင်ဆိုင်ထားရှိမှု၊ စိုက်ပျိုးရေးကို အခြေခံသည့် စက်မှုလုပ်ငန်း Agro-Base Industry များကို အောင်မြင်စွာဆောင်ရွက်နိုင်မည့် ရေခံမြေခံကောင်းများကို ပိုင်ဆိုင်ထားရှိသော်လည်း ထိုက်သင့်သည့်ဖွံ့ဖြိုးတိုးတက်မှုများရရှိနိုင်ရန် လိုအပ်ချက်များရှိနေမှု၊ ဝန်ဆောင်မှုလုပ်ငန်းများကို အောင်မြင်စွာ ဆောင်ရွက်နိုင်ရေး လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုလုပ်ငန်းများကိုလည်း ဆောင်ရွက်နိုင်မှု၊ ဒေသတွင်းရှိ စက်မှုလုပ်ငန်းများနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်မည့် လုပ်ငန်းများကို အားပေးဆောင်ရွက်ခြင်းဖြင့် ဒေသဖွံ့ဖြိုးတိုးတက်မှုကို ပိုမိုဖော်ဆောင်နိုင်မှု၊ နိုင်ငံတော်တွင် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် MSME လုပ်ငန်းများကို နိုင်ငံအဝန်းအားပေးဆောင်ရွက်လျက်ရှိမှုနှင့် လိုအပ်သည့်ရင်းနှီးမတည်ငွေများ၊ နည်းပညာများ၊ သွင်းအားစုများကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိမှု၊ MSME လုပ်ငန်းများ ဒေသအလိုက် ဖွံ့ဖြိုးတိုးတက်လာခြင်းဖြင့် ဒေသတစ်ခုချင်းစီအလိုက် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုဖော်ဆောင်ပေးနိုင်သကဲ့သို့ ဒေသနှင့် နိုင်ငံတော်၏ စီးပွားရေးသည်လည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သဖြင့် စဉ်ဆက်မပြတ် အားပေးဆောင်ရွက်လျက်ရှိမှု၊ ပန်းတောင်းမြို့နယ်အတွင်း စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်ဖွံ့ဖြိုးတိုးတက်စေရေး၊ သီးထပ်စိုက်ပျိုးမှုများ အောင်မြင်မှုရှိစေရေးတို့အတွက် စိုက်ပျိုးရေရရှိရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိမှု၊ ဆိုလာစနစ်သုံးမြစ်ရေတင်စီမံကိန်းများဆောင်ရွက်ပေးခြင်း၊ ဆိုလာစနစ်သုံး မြေအောက်ရေထုတ်ယူသုံးစွဲနိုင်ရေး ဆောင်ရွက်ပေးခြင်းတို့ဖြင့် စိုက်ပျိုးရေလုံလောက်စွာရရှိအောင် ဆောင်ရွက်ပေးလျက်ရှိမှု၊ နိုင်ငံတော်မှ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ အောင်မြင်အောင် အဘက်ဘက်မှ ကြိုးပမ်းဆောင်ရွက်လျက်ရှိသဖြင့် ဒေသအနီးဝန်းကျင်ရှိ စိုက်ပျိုးမွေးမြူရေးသိပ္ပံများတွင်လည်း အတတ်ပညာများ တက်ရောက်သင်ကြား၍ လုပ်ငန်းများအောင်မြင်အောင် ဆောင်ရွက်သွားကြစေလိုမှုတို့နှင့်ပတ်သက်၍ ဆွေးနွေးပြောကြားကြသည်။

ဆက်လက်၍ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက အမှာစကားပြောကြားရာတွင် နိုင်ငံတော်အကြီးအကဲအနေဖြင့် ပန်းတောင်းမြို့နယ်သို့ ပထမဆုံးလာရောက်သည်ဟု သိရှိရသည့်အတွက် မိမိအနေဖြင့် ဝမ်းမြောက်ဂုဏ်ယူကြောင်း၊ ပန်းတောင်းမြို့သည် သမိုင်းကြောင်းအစဉ်အလာရှိသည့် နေရာတစ်ခုဖြစ်ပြီး ပထဝီနိုင်ငံရေးအရ ထူးခြားသည့်ဒေသတစ်ခုဖြစ်ကြောင်း၊ ဒေသတွင်းစိုက်ပျိုးရေးနှင့် ပတ်သက်၍ ဆန်ဖူလုံမှုသည် ၂၀၀ ရာခိုင်နှုန်းကျော်၊ ပဲဖူလုံမှုသည် ၃၀၀ ရာခိုင်နှုန်းကျော်ရှိသည်ဟု သိရှိရကြောင်း၊ အရည်အသွေးပြည့်မီသည့် ဆန်များထုတ်လုပ်နိုင်ရေးအတွက် ပေါ်ဆန်းမွှေးစပါးကို စိုက်ပျိုးထုတ်လုပ်နိုင်ရန်လိုကြောင်း၊ အထွက်နှုန်းကောင်းမွန်စေရေးအတွက် သွင်းအားစုများကို စနစ်တကျထည့်သွင်းစိုက်ပျိုးခြင်းဖြင့် ပန်းတောင်းဒေသအတွင်း ပေါ်ဆန်းမွှေးစပါးကို အထွက်နှုန်းကောင်းမွန်စွာဖြင့် စိုက်ပျိုးထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့်စီးပွားရေးအရ တွက်ခြေကိုက်နိုင်သည့် တန်ဖိုးမြင့်ပေါ်ဆန်းမွှေးစပါးစိုက်ပျိုးထုတ်လုပ်ခြင်းကို ပိုမိုတိုးတက်အောင် ဆောင်ရွက်သွားကြစေလိုကြောင်း။

## ဒေသတွင်းဝါစိုက်ပျိုးခြင်း မြှင့်တင်ဆောင်ရွက်

ဆီထွက်သီးနှံစိုက်ပျိုးခြင်းနှင့်ပတ်သက်၍ မိမိတို့နိုင်ငံအနေဖြင့် စားသုံးဆီများကို ပြည်ပမှများစွာတင်သွင်းနေရပြီး နိုင်ငံခြားငွေများ များစွာသုံးစွဲနေရကြောင်း၊ သို့သော် မိမိတို့နိုင်ငံမှ ထွက်ရှိသည့် မြေပဲနှင့် အခြားဆီထွက်သီးနှံများကို ပြည်ပသို့ တင်ပို့နေသော်လည်း

*စာမျက်နှာ ၆ သို့*

စာမျက်နှာ ၅ မှ

ကုန်ကြမ်းအဖြစ်သာ တင်ပို့ခြင်းဖြစ်သဖြင့် ထိုက်သင့်သလောက်ဝင်ငွေမရရှိကြောင်း၊ ထို့ကြောင့် ပြည်တွင်းစားသုံးဆီထုတ်လုပ်မှုကို အထောက်အကူပြုစေမည့် ဆီထွက်သီးနှံများဖြစ်ကြသည့် နေကြာ၊ ပဲပုပ်တို့အား ပိုမိုတိုးမြှင့်စိုက်ပျိုးသွားကြရန် တိုက်တွန်းပြောကြားလိုကြောင်း၊ ပန်းတောင်းမြို့နယ်အတွင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိသဖြင့် ဒေသမှထွက်ရှိသည့် ပဲနှင့် ဆန်များကို အသုံးပြု၍ ကြာဆံများကို ထုတ်ကုန်တစ်ခုအဖြစ် ထုတ်လုပ်နိုင်ကြောင်း၊ အလားတူ ပန်းတောင်းမြို့နယ်အတွင်း ဝါအား စမ်းသပ်စိုက်ပျိုးနေသည်ကို သိရှိရကြောင်း၊ စိုက်ပျိုးဖြစ်ထွန်းမှုအပေါ်မူတည်ပြီး ဝါကိုအခြေခံသည့် ဝါဂွမ်း၊ ချည်မျှင်နှင့် အထည်ထုတ်လုပ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်နိုင်သကဲ့သို့ ဝါစေ့ဆီကိုလည်း ထုတ်လုပ်နိုင်ကြောင်း၊ ထို့ကြောင့် ဒေသတွင်း ဝါစိုက်ပျိုးခြင်းကို မြှင့်တင်ဆောင်ရွက်ကြစေလိုကြောင်း။

မွေးမြူရေးနှင့်ပတ်သက်၍ ပန်းတောင်းဒေသတွင် စားရေးကို အထောက်အကူပြုစေရေးအတွက် အသားစားကြက်၊ ဥစားကြက်၊ ဝက်နှင့် နို့စားနွား မွေးမြူရေးလုပ်ငန်းများကို ပိုမိုတိုးချဲ့မွေးမြူသွားရန်လိုကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများမှ ထွက်ရှိသည့် ထွက်ကုန်ပစ္စည်းများဖြင့် တိရစ္ဆာန်အစာများကို ထုတ်လုပ်၍ မွေးမြူရေးလုပ်ငန်းများကိုဆောင်ရွက်နိုင်ကြောင်း၊ မွေးမြူရေးလုပ်ငန်းများအတွက် လိုအပ်သည့် လူသားအရင်းအမြစ်များမွေးထုတ်ပေးနိုင်ရေး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုနည်းပညာအထက်တန်းကျောင်းများအား ဒေသအလိုက်ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း၊ ဒေသတွင်းမွေးမြူရေးလုပ်ငန်းများကို ပိုမိုတိုးတက်အောင် ဆောင်ရွက်နိုင်ခြင်းဖြင့် ဒေသတွင်းသို့ လာရောက်လည်ပတ်ကြသည့် ခရီးသွားများ၏ စားရေးကိုလည်း အထောက်အကူပြုနိုင်သကဲ့သို့ ပိုလျှံသည့် အသား၊ ငါးနှင့် ဥများကို အခြားဒေသများသို့လည်း တင်ပို့ရောင်းချနိုင်ကြောင်း။

### နိုင်ငံတော်အနေဖြင့် ပညာရည်မြင့်မားရေး အားပေးဆောင်ရွက်

စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဒေသတွင်း ပညာတတ်အရင်းအမြစ်များလိုအပ်သဖြင့် နိုင်ငံတော်အနေဖြင့် ပညာရည်မြင့်မားရေး အားပေးဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ကြောင့် မိမိတို့ဒေသအလိုက် ပညာရည်မြင့်မားရေး ဝိုင်းဝန်းဆောင်ရွက်ပေးကြစေလိုကြောင်း၊ ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား ကျောင်းသူများအားလုံး အနည်းဆုံးအဆင့် အခြေခံပညာအဆင့် KG+9 အထိ သင်ကြားအောင်မြင်နိုင်စေရေးနှင့် တန်းစဉ်ကူးပြောင်းမှုများ မြင့်မားစေရေး ဆောင်ရွက်ပေးကြရန်လိုကြောင်း၊ အတန်းပညာမြင့်မားမှသာ အဆင့်မြင့်ပညာများကို သင်ယူနိုင်မည်ဖြစ်ပြီး အသိပညာ၊ အတတ်ပညာမြင့်မားလာမည်ဖြစ်ကြောင်း၊ ပညာတတ်များပေါများကြွယ်ဝမှသာ ဒေသတွင်း လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ ပန်းတောင်းမြို့သည် စက်မှုလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရန် အခြေခံကောင်းများရှိပြီးဖြစ်ကြောင်း၊ ထို့ကြောင့် ပန်းတောင်းမြို့နယ်အတွင်း ပညာတတ်လူသားအရင်းအမြစ်များ ပိုမိုတိုးတက်လာပြီး ဒေသဖွံ့ဖြိုးအောင် ကြိုးပမ်းဆောင်ရွက်သွားကြစေလိုကြောင်း။

### မူးယစ်ဆေးဝါးသုံးစွဲမှုမရှိစေရေး ကြပ်မတ်ထိန်းသိမ်းဆောင်ရွက်

နိုင်ငံတော်အနေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုအခြေခံပညာ အထက်တန်းကျောင်းများကို ခရိုင်အလိုက် ဖွင့်လှစ်သင်ကြားပေးလျက်ရှိပြီး ဖွင့်လှစ်ရန်ကျန်ရှိသည့် ခရိုင်များတွင်လည်း ထပ်မံဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မိမိတို့နိုင်ငံသည် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် နိုင်ငံတစ်ခုဖြစ်သဖြင့် လာမည့်ပညာသင်နှစ်တွင် အခြေခံပညာအလယ်တန်းကျောင်းအဆင့်၌ စိုက်ပျိုးမွေးမြူရေးဆိုင်ရာအခြေခံပညာများကို ထည့်သွင်းသင်ကြားပေးနိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း၊ "အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းက" ဆိုသည့်အတိုင်း သင်ကြားရေးဆိုင်ရာ ဆရာ ဆရာမများအနေဖြင့် စာပေပညာရပ်များအပြင် ကျောင်းသား ကျောင်းသူများ စည်းကမ်းတကျဖြင့် နေထိုင်သွားလာပြောဆိုလုပ်ကိုင်တတ်စေရေး သင်ကြားလေ့ကျင့်ပေးကြရန်လိုကြောင်း၊ စည်းကမ်းလိုက်နာမှုရှိသည့် လူငယ်၊ လူရွယ်များကို မွေးထုတ်ပေးနိုင်ခြင်းဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုနှင့် တည်ငြိမ်အေးချမ်းမှုကို များစွာ အထောက်အကူပြုစေနိုင်မည်ဖြစ်ကြောင်း၊ မူးယစ်ဆေးဝါးအသုံးပြုမှုများသည် လူငယ်များ၏ ဘဝကို များစွာထိခိုက်စေသဖြင့် ပန်းတောင်းဒေသအတွင်း မူးယစ်ဆေးဝါးများ သုံးစွဲမှုမရှိစေရေးအတွက် တာဝန်ရှိသူများအနေဖြင့် စနစ်တကျ ကြပ်မတ်ထိန်းသိမ်းဆောင်ရွက်သွားကြစေလိုကြောင်း။

မိမိတို့အနေဖြင့် ၂၀၂၀ ပြည့်နှစ်ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုများ ဖြစ်ပွားခဲ့ခြင်းကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) နှင့်အညီ နိုင်ငံတော်တာဝန်များကို ထမ်းဆောင်ခဲ့ရခြင်းဖြစ်ကြောင်း၊ မဲမသမာမှုများအား ဖြေရှင်းပေးရန်အတွက် ထိုအချိန်က တာဝန်ရှိသူများအား အကြိမ်ကြိမ်အကြောင်းကြားခဲ့သော်လည်း ဖြေရှင်းပေးမှုမရှိဘဲ နိုင်ငံတော်၏အာဏာကို မဲမသမာမှုရလဒ်များဖြင့် အနိုင်ရရှိလာသည့် ကိုယ်စားလှယ်များဖြင့် လွှတ်တော်ခေါ်ယူ၍ အဓမ္မနည်းဖြင့် ရယူရန်အတွက် ဆောင်ရွက်လာသည့်အတွက် တပ်မတော်အနေဖြင့်နိုင်ငံတော်ကိုအရေးပေါ်အခြေအနေ ကြေညာပြီး တာဝန်ယူဆောင်ရွက်ခဲ့ရခြင်းဖြစ်ကြောင်း။

နိုင်ငံတော်အားစတင်တာဝန်ယူချိန်တွင် ဦးတည်ချက်များချမှတ်ဆောင်ရွက်ခဲ့ပြီး ယခုအခါ မိမိတို့အစိုးရ၏အဓိကရည်မှန်းချက်ဖြစ်သည့် ရွေးကောက်ပွဲအား ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် ကျင်းပခဲ့ပြီးဖြစ်ကြောင်း၊ ကျန်ရှိနေသည့် အပိုင်း (၂) နှင့် အပိုင်း(၃)ကိုလည်း ဆက်လက်ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံတော်အား ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ဆက်လက်လျှောက်လှမ်းနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲအပိုင်း(၁)တွင် ဆန္ဒမဲပေးမှုများပြားပြီး ပြည်သူများအနေဖြင့် ဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ပါဝင်လျှောက်လှမ်းလိုသည့် ဆန္ဒများရှိသည်ကိုသိရှိရသဖြင့် အောင်မြင်သည့် ရွေးကောက်ပွဲဖြစ်ကြောင်း၊ ထို့ကြောင့် ပန်းတောင်းဒေသတွင်လည်း ရွေးကောက်ပွဲကျင်းပချိန်တွင် ဆန္ဒမဲပေးချိန်၌ ရာခိုင်နှုန်းများပြားစွာ ပိုမိုပေးအပ်နိုင်ရေး ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြစေလိုကြောင်း၊ ဆန္ဒမဲပေးရာတွင်လည်း နိုင်ငံတော်နှင့်ဒေသအကျိုးကို ဆောင်ရွက်ပေးနိုင်သည့်သူ၊ အမျိုးဘာသာသာသနာအကျိုးကို သယ်ပိုးထမ်းရွက်နိုင်မည့်သူ၊ နိုင်ငံတည်ရှိနေသရွေ့ တည်တံ့ခိုင်မြဲစွာတည်ရှိနေမည့် တပ်မတော်နှင့် လက်တွဲဆောင်ရွက်နိုင်မည့် ကိုယ်စားလှယ်လောင်းများကိုရွေးချယ်၍ ဆန္ဒမဲပေးနိုင်ရန်လိုကြောင်း၊ အလားတူ ဥပဒေပြုရေးလုပ်ငန်းများကို ဆောင်ရွက်မည့်သူများဖြစ်သဖြင့် ဥပဒေကို သိရှိနားလည်ကြသူများလည်းဖြစ်ရန်လိုကြောင်း၊ အထူးသဖြင့် ပညာတတ်ကိုယ်စားလှယ်လောင်းများကို ရွေးချယ်နိုင်ရန်လိုကြောင်း၊ သို့မှသာ ပန်းတောင်းမြို့နယ်အတွက် ကိုယ်စားလှယ်ကောင်းများရရှိမည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ ပန်းတောင်းမြို့နယ်အတွင်း ကျင်းပပြုလုပ်မည့် ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ရေး ဝိုင်းဝန်းဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားလိုကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် ခင်းကျင်းပြသထားသည့် ပန်းတောင်းမြို့နယ်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းများမှ ထွက်ရှိသည့် ထုတ်ကုန်ပစ္စည်းများအား စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပန်းတောင်းမြို့နယ်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး(MSME) လုပ်ငန်းများမှထွက်ရှိသည့် ထုတ်ကုန်ပစ္စည်းများအား စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုစဉ်။

❖ စည်းကမ်းလိုက်နာမှုရှိသည့် လူငယ်၊ လူရွယ်များကို မွေးထုတ်ပေးနိုင်ခြင်းဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုနှင့် တည်ငြိမ်အေးချမ်းမှုကို များစွာအထောက်အကူပြုစေနိုင်မည်ဖြစ်

❖ ရွေးကောက်ပွဲအပိုင်း(၁)တွင် ဆန္ဒမဲပေးမှုများပြားပြီး ပြည်သူများအနေဖြင့် ဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ပါဝင်လျှောက်လှမ်းလိုသည့်ဆန္ဒများ ရှိသည်ကိုသိရှိရသဖြင့် အောင်မြင်သည့်ရွေးကောက်ပွဲဖြစ်ကြောင်း၊ ထို့ကြောင့် ပန်းတောင်းဒေသတွင်လည်း ရွေးကောက်ပွဲကျင်းပချိန်တွင် ဆန္ဒမဲပေးချိန်၌ ရာခိုင်နှုန်းများပြားစွာ ပိုမိုပေးအပ်နိုင်ရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြစေလို

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ပြည်ပနိုင်ငံ အကြီးအကဲများက ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဇန်နဝါရီ ၈

၂၀၂၆ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယအတွက် ပြည်ပနိုင်ငံအသီးသီးမှ နိုင်ငံအကြီးအကဲများက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေတို့ထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာများ အသီးသီးပေးပို့ကြပါသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံသို့ အာရပ်စော်ဘွားများပြည်ထောင်စုနိုင်ငံ သမ္မတ ရှိတ် မိုဟာမက် ဘင် ဇာရိဒ် အယ်လ် နာရမ် ထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့အခါသမယတွင် မိမိအနေဖြင့် အဆွေတော်အား ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ ကျန်းမာပျော်ရွှင်ပါစေကြောင်း၊ မြန်မာနိုင်ငံအစိုးရနှင့် ရင်းနှီးခင်မင်ဖွယ်ကောင်းသည့် မြန်မာပြည်သူများ ပိုမိုဖွံ့ဖြိုးတိုးတက်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

အဆွေတော်အား အစဉ်ချစ်ကြည်လေးစားလျက်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ထံသို့ အာရပ်စော်ဘွားများ ပြည်ထောင်စုနိုင်ငံ ဒုတိယသမ္မတနှင့် ဝန်ကြီးချုပ်၊ ဒူဘိုင်းအုပ်ချုပ်သူ ရှိတ် မိုဟာမက် ဘင် ရာရှစ် အယ်လ် မက်တွမ် ထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့အခါသမယတွင် မိမိအနေဖြင့် အဆွေတော်အား ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ ကျန်းမာပျော်ရွှင်ပါစေကြောင်း၊ မြန်မာနိုင်ငံအစိုးရနှင့် ရင်းနှီးခင်မင်ဖွယ်ကောင်းသည့် မြန်မာပြည်သူများ ပိုမိုဖွံ့ဖြိုးတိုးတက်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

အဆွေတော်အား အစဉ်ချစ်ကြည်လေးစားလျက်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ထံသို့ အာရပ်စော်ဘွားများ ပြည်ထောင်စုနိုင်ငံ ဒုတိယသမ္မတ၊ ဒုတိယဝန်ကြီးချုပ်နှင့် သမ္မတခုံရုံးဥက္ကဋ္ဌ ရှိတ် မန်ဆော ဘင် ဇာရိဒ် အယ်လ် နာရမ် ထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့အခါသမယတွင် မိမိအနေဖြင့် အဆွေတော်အား ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ ကျန်းမာပျော်ရွှင်ပါစေကြောင်း၊ မြန်မာနိုင်ငံအစိုးရနှင့် ရင်းနှီးခင်မင်ဖွယ်ကောင်းသည့် မြန်မာပြည်သူများ ပိုမိုဖွံ့ဖြိုးတိုးတက်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

အဆွေတော်အား အစဉ်ချစ်ကြည်လေးစားလျက်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော ထံသို့ အာရပ်စော်ဘွားများပြည်ထောင်စုနိုင်ငံ ဒုတိယသမ္မတနှင့် ဝန်ကြီးချုပ်၊ ဒူဘိုင်းအုပ်ချုပ်သူ ရှိတ် မိုဟာမက် ဘင် ရာရှစ် အယ်လ် မက်တွမ် ထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့အခါသမယတွင် မိမိအနေဖြင့် အဆွေတော်အား ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ ကျန်းမာပျော်ရွှင်ပါစေကြောင်း၊ မြန်မာနိုင်ငံအစိုးရနှင့် ရင်းနှီးခင်မင်ဖွယ်ကောင်းသည့် မြန်မာပြည်သူများ ပိုမိုဖွံ့ဖြိုးတိုးတက်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

အဆွေတော်အား အစဉ်ချစ်ကြည်လေးစားလျက်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော ထံသို့ အာရပ်စော်ဘွားများ ပြည်ထောင်စုနိုင်ငံ ဒုတိယသမ္မတ၊ ဒုတိယဝန်ကြီးချုပ်နှင့် သမ္မတခုံရုံးဥက္ကဋ္ဌ ရှိတ် မန်ဆော ဘင် ဇာရိဒ် အယ်လ် နာရမ် ထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့အခါသမယတွင် မိမိအနေဖြင့် အဆွေတော်အား ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ ကျန်းမာပျော်ရွှင်ပါစေကြောင်း၊ မြန်မာနိုင်ငံအစိုးရနှင့် ရင်းနှီးခင်မင်ဖွယ်ကောင်းသည့် မြန်မာပြည်သူများ ပိုမိုဖွံ့ဖြိုးတိုးတက်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

အဆွေတော်အား အစဉ်ချစ်ကြည်လေးစားလျက်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

## နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ထံသို့ အာရပ်စော်ဘွားများပြည်ထောင်စုနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး ရှိတ် အဗ္ဗဒူလာ ဘင် ဇာရိဒ် အယ်လ် နာရမ် ထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့အခါသမယတွင် မိမိအနေဖြင့် အဆွေတော်အား ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ ကျန်းမာပျော်ရွှင်ပါစေကြောင်း၊ မြန်မာနိုင်ငံအစိုးရနှင့် ရင်းနှီးခင်မင်ဖွယ်ကောင်းသည့် မြန်မာပြည်သူများ ပိုမိုဖွံ့ဖြိုးတိုးတက်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

အဆွေတော်အား အစဉ်ချစ်ကြည်လေးစားလျက်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော ထံသို့ ပါကစ္စတန်ဝန်ကြီးချုပ် မစ္စတာ မိုဟာမက် ရှီဘက် ရှာရစ်ဖ် ထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ပါကစ္စတန်နိုင်ငံအစိုးရနှင့် ပြည်သူများကိုယ်စား မိမိအနေဖြင့် ဂုဏ်ယူဝမ်းမြောက်ကြောင်း ရင်းနှီးနွေးထွေးစွာ ဆုမွန်ကောင်းများ ပို့သအပ်ပါသည်။

ယခုအထိမ်းအမှတ်နေ့သည် မြန်မာနိုင်ငံပြည်သူများ၏ ကိုယ်ပိုင်ဆုံးဖြတ်နိုင်မှု၊ အချုပ်အခြာအာဏာ ပိုင်ဆိုင်မှုနှင့် သာယာဝပြောမှုဆီသို့ ဦးတည်ဖော်ဆောင်ခဲ့ကြသည့် ထင်ရှားသော ဂုဏ်ယူဖွယ်ရာသမိုင်း မှတ်တိုင်တစ်ခုဖြစ်ပါသည်။

ပါကစ္စတန်နိုင်ငံနှင့် မြန်မာနိုင်ငံတို့သည် အစဉ်အလာအားဖြင့် ကောင်းမွန်ခိုင်မာသည့် ဆက်ဆံရေးကို ထိန်းသိမ်းထားကြပါသည်။ အဆွေတော်၏ အမြော်အမြင်ရှိသည့် ခေါင်းဆောင်မှုအောက်တွင် မိမိတို့ နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုတို့သည် ဆက်လက်တိုးတက် ကောင်းမွန်မည်ဖြစ်ပြီး၊ နှစ်နိုင်ငံ အပြန်အလှန်အကျိုးဖြစ်ထွန်းသည့် ပူးပေါင်းဆောင်ရွက်မှုနှင့် မိတ်ဖက် ပြုမှုလမ်းကြောင်းသစ်များကို ဖွင့်လှစ်ပေးစေမည်ဟု မိမိအနေဖြင့် ယုံကြည်ပါသည်။

အခွင့်ကြုံခိုက် အဆွေတော် ကျန်းမာရေးကောင်းမွန်ပြီး အောင်မြင်မှုများ ဆက်လက်ရရှိပါစေကြောင်း နှင့် ရင်းနှီးဖော်ရွေသည့် မြန်မာနိုင်ငံပြည်သူများ ငြိမ်းချမ်းသာယာဝပြောပါစေကြောင်း ဆုမွန်ကောင်း ပို့သအပ်ပါသည်။

အဆွေတော်အား အစဉ်ချစ်ကြည်အလေးထားလျက်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့အခါသမယတွင် မိမိအနေဖြင့် အဆွေတော်အား ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ ကျန်းမာပျော်ရွှင်ပါစေကြောင်း၊ မြန်မာနိုင်ငံအစိုးရနှင့် ရင်းနှီးခင်မင်ဖွယ်ကောင်းသည့် မြန်မာပြည်သူများ ပိုမိုဖွံ့ဖြိုးတိုးတက်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

အဆွေတော်အား အစဉ်ချစ်ကြည်လေးစားလျက်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

# အမှတ်(၁၆)နေမင်းဘုန်းတော်ကြီးသင် ပညာရေးမူလတန်းလွန်ကျောင်းတွင် ပညာရေးစုံညီပွဲတော်နှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲ ကျင်းပ



**မန္တလေး ဇန်နဝါရီ ၈**

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေခရိုင်၊ ပြည်ကြီးတံခွန်မြို့နယ်၊ ချမ်းမြသာယာရပ်ကွက်၊ မဟာဝိဇိတာရာမတိုက် အမှတ်(၁၆)နေမင်းဘုန်းတော်ကြီးသင်ပညာရေးမူလတန်းလွန်ကျောင်း၏ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်နှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို ယမန်နေ့ နံနက် ၉ နာရီက အဆိုပါကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ကြပြီး မဏိရတနာကျောင်းဆရာတော်က အဖွင့်အမှာစကားမိန့်ကြားပြီး ကျောင်းအုပ်ဆရာတော် ဘဒ္ဒန္တခေမာစာရက ဩဝါဒစကားနှင့် ကျေးဇူးတင်စကားမိန့်ကြားကာ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးအောင်ထွဏ်းက ဘ/က ကျောင်းဆောင်ရွက်ချက်များနှင့် ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက ကျောင်းအကျိုးတော်ဆောင်အဖွဲ့များနှင့် အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ကြပြီး ကျောင်းသား၊ ကျောင်းသူများက မြတ်ဆရာသီချင်းဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။ ထို့နောက် တာဝန်ရှိသူများက ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် ထူးချွန်ဆုရရှိကြသူများ၊ အားကစား ထူးချွန်ဆုရရှိကြသူများ၊ တရုတ်နှင့်အင်္ဂလိပ်စကားပြောသင်တန်းဆုရ ကျောင်းသား၊ ကျောင်းသူများကို ထူးချွန်ဆုများချီးမြှင့်ပေးအပ်ကြပြီး ကျောင်းအကျိုးတော်ဆောင်အဖွဲ့များက ဆရာ၊ ဆရာမများအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ကြပြီး အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ ရုပ်သိမ်းလိုက်ကြောင်း သိရသည်။ **(အပေါ်ပုံ)(ဝ၅၃)**

# အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူများ အမည်စာရင်း ကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ်( ၁၁ /၂၀၂၆ )
၁၃၈၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၆ ရက်
၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၈ ရက်

**အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူများ အမည်စာရင်း ကြေညာခြင်း**

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင်စတင်၍ အပိုင်းလိုက်ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲတို့က အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၄၉ (ခ) နှင့်အညီ ထုတ်ပြန်ကြေညာချက်များအရ အောက်ဖော်ပြပါ ပုဂ္ဂိုလ်များသည် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအဖြစ် ရွေးကောက်တင်မြှောက်ခံရသူများ ဖြစ်ကြောင်း ကြေညာလိုက်သည် -

| စဉ် | အမည် | နိုင်ငံသားစိစစ်ရေးကတ်အမှတ် | ကိုယ်စားလှယ်အမှတ် | ကိုယ်စားပြုပါတီ/တစ်သီးပုဂ္ဂလ |
|---|---|---|---|---|
| | **ကချင်ပြည်နယ် (မဲအများဆုံးရသူအနိုင်ယူစနစ်)** | | | |
| ( ၁ ) | ဒေါ်မီမီကျော်ထွန်း | ၁/မကန(နိုင်)၀၇၆၆၄၁ | အမှတ်(၄) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| ( ၂ ) | ဦးဆီဟူးဒွေ့ | ၁/ပတအ(နိုင်)၀၂၄၇၅၀ | အမှတ်(၆) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| | **ကယားပြည်နယ် (မဲအများဆုံးရသူအနိုင်ယူစနစ်)** | | | |
| ( ၃ ) | ဦးရှားရယ် | ၂/လကန(နိုင်)၀၂၈၈၇၉ | အမှတ်( ၁ ) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| ( ၄ ) | ဦးဟန်ထူး | ၂/ဘလခ(နိုင်)၀၀၀၂၉၀ | အမှတ်( ၂ ) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| | **ကရင်ပြည်နယ် (မဲအများဆုံးရသူအနိုင်ယူစနစ်)** | | | |
| ( ၅ ) | ဦးစောဇော်ဝင်း | ၃/ဘအန(နိုင်)၀၄၂၉၇၆ | အမှတ်( ၄ ) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| ( ၆ ) | ဦးမျိုးမင်းနောင် | ၁၂/စခန(နိုင်)၀၀၀၀၀၂ | အမှတ်( ၅ ) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| | **စစ်ကိုင်းတိုင်းဒေသကြီး (မဲအများဆုံးရသူအနိုင်ယူစနစ်)** | | | |
| ( ၇ ) | ဦးခဲချိန် | ၅/နယန(နိုင်)၀၀၄၉၁၄ | အမှတ်( ၁ ) | နာဂအမျိုးသားပါတီ |
| | **တနင်္သာရီတိုင်းဒေသကြီး (မဲအများဆုံးရသူအနိုင်ယူစနစ်)** | | | |
| ( ၈ ) | ဦးအောင်ကြူနိုင် | ၈/တတက(နိုင်)၀၀၀၂၀၈ | အမှတ်( ၁ ) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| ( ၉ ) | ဦးဇော်မင်းသန်း | ၁၂/သကတ(နိုင်)၁၂၀၉၇၃ | အမှတ်( ၄ ) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| | **မကွေးတိုင်းဒေသကြီး (မဲအများဆုံးရသူအနိုင်ယူစနစ်)** | | | |
| (၁၀) | ဦးအောင်လှထွေး | ၈/ရနခ(နိုင်)၀၂၂၈၇၃ | အမှတ်( ၁ ) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| | **မန္တလေးတိုင်းဒေသကြီး (မဲအများဆုံးရသူအနိုင်ယူစနစ်)** | | | |
| (၁၁) | ဦးတင်ဦးလွင် | ၉/မထလ(နိုင်)၀၉၀၆၅၂ | အမှတ်( ၆ ) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| | **မွန်ပြည်နယ် (မဲအများဆုံးရသူအနိုင်ယူစနစ်)** | | | |
| (၁၂) | ဦးကျော်ကျော်လင်း (ခ)ဦးထိန်လင်း | ၁၀/မလမ(နိုင်)၁၆၆၄၅၁ | အမှတ်( ၂ ) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၃) | နိုင်အမ်ချမ်းမွန် (ခ)မင်းစိုးခိုင် | ၁၀/မလမ(နိုင်)၂၀၆၈၆၀ | အမှတ်( ၄ ) | မွန်ညီညွတ်ရေးပါတီ |

(ပုံ)သန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးချင်း၏ ဆန္ဒမဲရရှိမှုအခြေအနေ

| စဉ် | မဲဆန္ဒနယ် | ကိုယ်စားလှယ်လောင်းအမည် | ပါတီ/တစ်သီးပုဂ္ဂလ | မဲရုံမဲ အရေအတွက် | ကြိုတင်မဲ အရေအတွက် | နိုင်လုံမဲ စုစုပေါင်း | နိုင်လုံမဲ ရာခိုင်နှုန်း |
|---|---|---|---|---|---|---|---|
| | ကချင်ပြည်နယ် | | | | | | |
| ၁ | မဲဆန္ဒနယ်အမှတ်(၄) | | | ၁၂၃၂ | ၂၈၃၉ | ၁၅၀၇၁ | |
| | | ဒေါ်မီမီကျော်ထွန်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၅၁၅၃ | ၂၄၉၂ | ၇၆၄၅ | ၅၀.၇၃% |
| | | ဦးအားဘော့ | လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၂၄၂၈ | ၄၄ | ၂၄၇၂ | ၁၆.၄၀% |
| | | ဦးစောမင်းသိန်း | ဒီမိုကရေစီပါတီသစ်(ကချင်)ပါတီ | ၂၂၀၉ | ၁၄၃ | ၂၃၅၂ | ၁၅.၆၁% |
| | | ဦးကမ်းမုန်လိုင်နော် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၉၆၉ | ၁၃၅ | ၂၁၀၄ | ၁၃.၉၆% |
| | | ဦးဂျန်မာအောင်ပါ | ပြည်သူ့ရှေ့ဆောင်ပါတီ | ၄၇၃ | ၂၅ | ၄၉၈ | ၃.၃၀% |
| ၂ | မဲဆန္ဒနယ်အမှတ်(၆) | | | ၄၈၇၁၄ | ၆၂၀၆ | ၅၄၉၂၀ | |
| | | ဦးဆီဟူးဒွေ့ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၀၂၇၈ | ၄၉၉၆ | ၂၅၂၇၄ | ၄၆.၀၂% |
| | | ဦးဂူဆာပါး | ကချင်ပြည်နယ်ပြည်သူ့ပါတီ | ၈၆၁၅ | ၂၄၇ | ၈၈၆၂ | ၁၆.၁၄% |
| | | ဦးစတီဗင်အောင်သူ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၇၆၆၇ | ၂၆၆ | ၇၉၃၃ | ၁၄.၄၄% |
| | | ဦးကျော်စိုးမိုးဝင်း | တိုင်းလိုင်(ရှမ်းနီ)အမျိုးသားများဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၆၂၄၃ | ၃၄၄ | ၆၅၈၇ | ၁၁.၉၉% |
| | | ဦးဟိန်းအောင်ကျော် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၅၉၁၁ | ၃၅၃ | ၆၂၆၄ | ၁၁.၄၁% |
| | ကယားပြည်နယ် | | | | | | |
| ၃ | မဲဆန္ဒနယ်အမှတ်(၁) | | | ၂၇၈၀၅ | ၄၂၅၂ | ၃၂၀၅၇ | |
| | | ဦးရှားရယ် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၁၁၄၄ | ၃၃၈၀ | ၁၄၅၂၄ | ၄၅.၃၀% |
| | | ဦးပေါ်ထွန်း | ကယားပြည်နယ်ပြည်သူ့ပါတီ | ၇၃၂၇ | ၃၅၉ | ၇၆၈၆ | ၂၃.၉၈% |
| | | ဒေါ်ချောစု | ပြည်သူ့ရှေ့ဆောင်ပါတီ | ၄၈၄၅ | ၂၇၇ | ၅၁၂၂ | ၁၅.၉၈% |
| | | ဦးမြင့်အောင် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၄၄၈၉ | ၂၃၆ | ၄၇၂၅ | ၁၄.၇၄% |
| ၄ | မဲဆန္ဒနယ်အမှတ်(၂) | | | ၄၀၈ | ၁၃၄၂ | ၁၇၅၀ | |
| | | ဦးဟန်ထူး | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၃၃၇ | ၁၂၃၈ | ၁၅၇၅ | ၉၀.၀၀% |
| | | ဒေါ်ကိုးမယ်(ခ)ဟန်နီစိုး | ကယားပြည်နယ်ပြည်သူ့ပါတီ | ၁၈ | ၅၆ | ၇၄ | ၄.၂၃% |
| | | ဦးမိရယ်မြင့် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၃၉ | ၂၈ | ၆၇ | ၃.၈၃% |
| | | ဦးအောင်ဝင်း | ပြည်သူ့ရှေ့ဆောင်ပါတီ | ၁၄ | ၂၀ | ၃၄ | ၁.၉၄% |

စာမျက်နှာ ၉ သို့

စာမျက်နှာ ၈ မှ

| | | | | | | | |
|---|---|---|---|---|---|---|---|
| | ကရင်ပြည်နယ် | | | | | | |
| ၅ | မဲဆန္ဒနယ်အမှတ်(၄) | | | ၈၈၅၆၅ | ၁၀၃၂၄ | ၉၈၈၈၉ | |
| | | ဦးစောဇော်ဝင်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၉၃၁၉ | ၇၅၃၄ | ၃၆၈၅၃ | ၃၇.၂၇% |
| | | စောထွန်းလှမြိုင် | ကရင်အမျိုးသားဒီမိုကရက်တစ်ပါတီ | ၂၃၃၉၁ | ၁၀၅၆ | ၂၄၄၄၇ | ၂၄.၇၂% |
| | | စောကြည်လင်း | ဖလုံ-စဝေါ်ဒီမိုကရက်တစ်ပါတီ | ၂၁၉၄၂ | ၁၁၇၅ | ၂၃၁၁၇ | ၂၃.၃၈% |
| | | ဒေါ်နန်းဥမ္မာစန်း | ပအိုဝ်းအမျိုးသားညီညွတ်ရေးပါတီ | ၉၃၇၂ | ၃၀၉ | ၉၆၈၁ | ၉.၇၉% |
| | | ဦးစိုးငြိမ်းသူ | ပြည်သူ့ရှေ့ဆောင်ပါတီ | ၄၅၄၁ | ၂၅၀ | ၄၇၉၁ | ၄.၈၄% |
| ၆ | မဲဆန္ဒနယ်အမှတ်(၅) | | | ၁၂၄၅၃ | ၄၉၂၀ | ၁၇၃၇၃ | |
| | | ဦးမျိုးမင်းနောင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၃၇၆၃ | ၂၈၆၈ | ၆၆၃၁ | ၃၈.၁၇% |
| | | ဦးဇော်မင်းထွေး | ဖလုံ-စဝေါ်ဒီမိုကရက်တစ်ပါတီ | ၃၁၄၉ | ၁၂၀၃ | ၄၃၅၂ | ၂၅.၀၅% |
| | | ဦးစောဝင်းနိုင် | ကရင်အမျိုးသားဒီမိုကရက်တစ်ပါတီ | ၂၆၉၁ | ၅၄၈ | ၃၂၃၉ | ၁၈.၆၄% |
| | | ခွန်အောင်အောင်ထွန်း | ပအိုဝ်းအမျိုးသားညီညွတ်ရေးပါတီ | ၁၇၅၆ | ၁၁၂ | ၁၈၆၈ | ၁၀.၇၅% |
| | | ဒေါ်အေးအေးသက် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၁၀၉၄ | ၁၈၉ | ၁၂၈၃ | ၇.၃၉% |
| | စစ်ကိုင်းတိုင်းဒေသကြီး | | | | | | |
| ၇ | မဲဆန္ဒနယ်အမှတ်(၁) | | | ၄၄၇၈၈ | ၂၅၄၆ | ၄၇၃၃၄ | |
| | | ဦးခဲချိန် | နာဂအမျိုးသားပါတီ | ၂၅၆၂၂ | ၁၀၉၅ | ၂၆၇၁၇ | ၅၆.၄၄% |
| | | ဦးဇင်းဝမ် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၉၁၆၆ | ၁၄၅၁ | ၂၀၆၁၇ | ၄၃.၅၆% |
| | တနင်္သာရီတိုင်းဒေသကြီး | | | | | | |
| ၈ | မဲဆန္ဒနယ်အမှတ်(၁) | | | ၃၄၅၃၇ | ၅၂၄၄ | ၃၉၇၈၁ | |
| | | ဦးအောင်ကြူနိုင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၅၅၀၅ | ၄၄၆၇ | ၁၉၉၇၂ | ၅၀.၂၀% |
| | | ဒေါ်ချိုဝင်း | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၉၀၃၂ | ၇၇၇ | ၁၉၈၀၉ | ၄၉.၈၀% |
| ၉ | မဲဆန္ဒနယ်အမှတ်(၄) | | | ၁၆၃၅၀ | ၃၅၉၄ | ၁၉၉၄၄ | |
| | | ဦးဇော်မင်းသန်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၈၀၈၀ | ၃၀၄၅ | ၁၁၁၂၅ | ၅၆.၂၈% |
| | | ဦးရွှေထွန်း | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၈၂၇၀ | ၄၄၉ | ၈၇၁၉ | ၄၃.၇၂% |
| | မကွေးတိုင်းဒေသကြီး | | | | | | |
| ၁၀ | မဲဆန္ဒနယ်အမှတ်(၁) | | | ၄၆၆၀၆ | ၅၂၇၈ | ၅၁၈၈၄ | |
| | | ဦးအောင်လှထွေး | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၀၀၁၅ | ၃၇၁၇ | ၂၃၇၃၂ | ၄၅.၇၄% |
| | | ဦးစိန်လင်း | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၁၂၂၉ | ၆၆၅ | ၁၁၈၉၄ | ၂၂.၉၂% |
| | | ဦးချမ်းမင်း | ပြည်သူ့ရှေ့ဆောင်ပါတီ | ၇၉၈၄ | ၄၈၇ | ၈၄၇၁ | ၁၆.၃၃% |
| | | ဦးသဲမောင်မောင် | ပြည်သူ့ပါတီ | ၇၃၇၈ | ၄၀၉ | ၇၇၈၇ | ၁၅.၀၁% |
| | မန္တလေးတိုင်းဒေသကြီး | | | | | | |
| ၁၁ | မဲဆန္ဒနယ်အမှတ်(၆) | | | ၅၀၅၈၉၀ | ၇၄၄၉၅ | ၅၈၀၃၈၅ | |
| | | ဦးတင်ဦးလွင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၄၅၂၂၁ | ၅၈၇၈၈ | ၃၀၄၀၀၉ | ၅၂.၃၈% |
| | | ဦးမျိုးချစ် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၇၄၂၀၉ | ၄၅၀၅ | ၇၈၇၁၄ | ၁၃.၅၆% |
| | | ဒေါ်သဲအိမိုး | ပြည်သူ့ပါတီ | ၄၈၂၂၈ | ၂၂၇၃ | ၅၀၅၀၁ | ၈.၇၀% |
| | | ဒေါ်ခင်နှင်းသစ် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၃၉၅၁၉ | ၃၂၁၈ | ၄၂၇၃၇ | ၇.၃၆% |
| | | ဦးသိန်းထိုက်အောင် | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၄၀၂၄၁ | ၂၄၂၇ | ၄၂၆၆၈ | ၇.၃၅% |
| | | ဦးကိုကြီး | လူမှုစီးပွားမြှင့်တင်ရေးပါတီ | ၂၉၆၈၃ | ၁၆၂၇ | ၃၁၃၁၀ | ၅.၄၀% |
| | | ဒေါက်တာစိုင်းကျော်အုန်း | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၂၈၇၈၉ | ၁၆၅၇ | ၃၀၄၄၆ | ၅.၂၅% |
| | မွန်ပြည်နယ် | | | | | | |
| ၁၂ | မဲဆန္ဒနယ်အမှတ်(၂) | | | ၁၀၁၈၉၀ | ၁၀၀၂၈ | ၁၁၁၉၁၈ | |
| | | ဦးကျော်ကျော်လင်း(ခ)ဦးထိန်လင်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၃၅၃၂၈ | ၈၂၀၆ | ၄၃၅၃၄ | ၃၈.၉၀% |
| | | မင်းကျော်ခိုင်ဝင်း | မွန်ညီညွတ်ရေးပါတီ | ၂၉၂၈၀ | ၇၆၄ | ၃၀၀၄၄ | ၂၆.၈၅% |
| | | ဒေါ်နိုင်နိုင် | ပြည်သူ့ပါတီ | ၉၄၀၉ | ၂၄၃ | ၉၆၅၂ | ၈.၆၂% |
| | | ဦးကျော်ဇင်သန့် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၈၈၅၄ | ၃၀၆ | ၉၁၆၀ | ၈.၁၈% |
| | | ဦးသိန်းအေး | အမျိုးသားအကျိုးစီးပွားတိုးတက်ရေးပါတီ | ၈၇၀၁ | ၂၂၆ | ၈၉၂၇ | ၇.၉၈% |
| | | ဦးအောင်မျိုးသူရ | ပြည်သူ့ရှေ့ဆောင်ပါတီ | ၅၈၉၅ | ၂၁၇ | ၆၁၁၂ | ၅.၄၆% |
| | | ဦးပြည့်ပိုင်စိုး | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၄၄၂၃ | ၆၆ | ၄၄၈၉ | ၄.၀၁% |
| ၁၃ | မဲဆန္ဒနယ်အမှတ်(၄) | | | ၄၈၆၄၉ | ၂၉၇၉ | ၅၁၆၂၈ | |
| | | နိုင်အမ်ချမ်းမွန်(ခ)မင်းစိုးခိုင် | မွန်ညီညွတ်ရေးပါတီ | ၁၉၉၁၂ | ၆၉၃ | ၂၀၆၀၅ | ၃၉.၉၁% |
| | | ဦးတင်ကိုကို | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၇၂၄၈ | ၂၀၁၀ | ၁၉၂၅၈ | ၃၇.၃၂% |
| | | ဒေါ်စုထွေးလတ် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၃၈၆၈ | ၈၇ | ၃၉၅၅ | ၇.၆၆% |
| | | ဒေါ်သီတာဝင်း | အမျိုးသားအကျိုးစီးပွားတိုးတက်ရေးပါတီ | ၃၆၃၃ | ၈၈ | ၃၇၂၁ | ၇.၂၀% |
| | | ဦးဇော်မင်းမိုး | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၂၀၆၉ | ၂၉ | ၂၀၉၈ | ၄.၀၆% |
| | | ဒေါ်ဇင်မာအေး | ပြည်သူ့ရှေ့ဆောင်ပါတီ | ၁၉၁၉ | ၆၁ | ၁၉၈၀ | ၃.၈၄% |

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၂)တွင် ပါဝင်သည့် တံတားဦးမြို့နယ်နှင့် စဉ့်ကိုင်မြို့နယ်များအတွင်း မဲရုံများကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုနှင့် ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်များ ဆောင်ရွက်နေမှုတို့အား လိုက်လံကြည့်ရှုစစ်ဆေး

**မန္တလေး ဇန်နဝါရီ ၈**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် အတွင်းရေးမှူး၊ တာဝန်ရှိသူများလိုက်ပါပြီး ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၁၁ ရက်တွင် ကျင်းပမည့် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၂)တွင် ပါဝင်သည့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ တံတားဦးမြို့နယ်နှင့် စဉ့်ကိုင်မြို့နယ်တွင် မဲရုံများ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုနှင့် ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်များ ဆောင်ရွက်နေမှုများကို ယနေ့နံနက်ပိုင်းက လိုက်လံကြည့်ရှုစစ်ဆေးခဲ့သည်။

ဦးစွာ တံတားဦးမြို့နယ်ရှိ မြို့နယ်ခန်းမသို့ရောက်ရှိပြီး သတ်မှတ်မဲရုံများသို့ ထုတ်ပေးမည့် မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)များ စနစ်တကျ နေရာချ စီစဉ်ဆောင်ရွက်ထားရှိမှု လိုက်လံကြည့်ရှုစစ်ဆေးပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က ရွေးကောက်ပွဲလုပ်ငန်းစဉ်ပါ လုပ်ငန်းကဏ္ဍများအလိုက် ပါဝင်ဆောင်ရွက်ကြသည့် အဖွဲ့ဝင်များကို အားပေးစကားများ ပြောကြားပြီးနောက် တာဝန်ရှိသူများအား ME-VM စက်ပစ္စည်းများအား သယ်ယူပို့ဆောင်ရာတွင် ပျက်စီးမှုများ မရှိစေရေး စနစ်တကျ ကိုင်တွယ်ဆောင်ရွက်သွားရန်၊ လုံခြုံမှုနှင့် မီးဘေးအန္တရာယ်ကင်းရှင်းမှုအတွက် အထူးဂရုစိုက်ကြပ်မတ်ဆောင်ရွက်သွားရန် မှာကြားပြီးနောက် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

၎င်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် တံတားဦးမြို့နယ်အတွင်း မဲဆန္ဒရှင်များအတွက် ဆန္ဒမဲပေးနိုင်ရန် မဲရုံများ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားသည့် အမှတ်(၃)ရပ်ကွက်ရှိ သမိုင်းဝင်ဆုတောင်းပြည့် ပေါင်းလဲကြီး (မဟာရွှေသာလျောင်း)မြတ်စွာဘုရား ပရဝဏ်အတွင်း ဓမ္မာရုံ၊ အခြေခံပညာအလယ်တန်းကျောင်း(မြို့မ)၊ တံတားဦးမြို့နယ် အားကစားခန်းမ၊ ပန်းယျကျေးရွာအုပ်စုရှိ အခြေခံပညာမူလတန်းကျောင်း(ပန်းယျ)၊ သဲမောင်းကန်ကျေးရွာအုပ်စု သဲမောင်းကန်ကျေးရွာရှိ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)သို့လည်းကောင်း၊ စဉ့်ကိုင်မြို့နယ်အတွင်း ပလိပ်ကျေးရွာအုပ်စု ပလိပ်ရွာမကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်း(ပလိပ်)၊ အခြေခံပညာအထက်တန်းကျောင်း(စဉ့်ကိုင်)၊ တရုတ်စုရပ်ကွက်ရှိ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)၊ ဘယ်လင်းကျေးရွာအုပ်စု တောင်ဦးကျေးရွာရှိ တောင်ဦးဓမ္မာရုံ၊ တောင်ရင်းရွာရှိ အခြေခံပညာမူလတန်းကျောင်းသို့လည်းကောင်း သွားရောက်ပြီး မဲရုံများ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုနှင့် ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်များ ဆောင်ရွက်နေမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့သည်။

ထိုသို့ လိုက်လံကြည့်ရှုစဉ် တိုင်းဒေသကြီး ဝန်ကြီးချုပ်အား ခရိုင်/မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌများနှင့် တိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဆင့်ဆင့်မှ တာဝန်ရှိသူများက မဲရုံများကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု၊ မဲရုံများတွင် ယာယီနားနေရန် နေရာများ၊ ကျန်းမာရေးနှင့် လုံခြုံရေးဆိုင်ရာ ကဏ္ဍများအလိုက် ဆောင်ရွက်ထားရှိမှု၊ လိုအပ်သည့်နေရာများတွင် ကြိုပို့ယာဉ်များ စီစဉ်ဆောင်ရွက်ထားရှိမှုတို့ကို ရှင်းလင်းတင်ပြကြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၂)ကို အောင်မြင်စွာ ကျင်းပနိုင်ရေး အလေးထားကာ ကဏ္ဍအလိုက် တက်ကြွစွာ ဆောင်ရွက်သွားရေး၊ မဲဆန္ဒရှင်ပြည်သူများ ဆန္ဒမဲများ ပေးရာတွင် စိတ်အေးချမ်းမြေ့မှုဖြင့် အဆင်ပြေချောမွေ့စွာ ရာနှုန်းပြည့်မဲပေးနိုင်ရန် ဝိုင်းဝန်းဆောင်ရွက်သွားရေး၊ ရွေးကောက်ပွဲကော်မရှင်က စီစဉ်ဆောင်ရွက်ပေးထားသည့် Tablet များကို ကျွမ်းကျင်ပိုင်နိုင်စွာဖြင့် အသုံးပြုဆောင်ရွက်သွားရေးတို့ကို မှာကြားပြီးနောက် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၂)ကို ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၁၁ ရက်တွင် ကျင်းပသွားမည်ဖြစ်ရာ မန္တလေးတိုင်းဒေသကြီးအတွင်း မြို့နယ် (၉)မြို့နယ် ပါဝင်ပြီး မဟာအောင်မြေမြို့နယ်တွင် မဲပေးပိုင်ခွင့်ရှိသည့် မဲဆန္ဒရှင်ပေါင်း ၁၃၀၅၉၈ ဦးအတွက် မဲရုံပေါင်း (၇၀)ရုံ၊ ပြည်ကြီးတံခွန်မြို့နယ်တွင် မဲပေးပိုင်ခွင့်ရှိသည့် မဲဆန္ဒရှင်ပေါင်း ၁၀၃၅၁၀ ဦးအတွက် မဲရုံပေါင်း (၈၅)ရုံ၊ မတ္တရာမြို့နယ်တွင် မဲပေးပိုင်ခွင့်ရှိသည့် မဲဆန္ဒရှင်ပေါင်း (၄၈၄၆၆) ဦးအတွက် မဲရုံပေါင်း(၃၁)ရုံ၊ အမရပူရမြို့နယ်တွင် မဲပေးပိုင်ခွင့်ရှိသည့် မဲဆန္ဒရှင်ပေါင်း(၁၈၀၀၉၇) ဦးအတွက် မဲရုံပေါင်း (၁၀၀)ရုံ၊ တံတားဦးမြို့နယ်တွင် မဲပေးပိုင်ခွင့်ရှိသည့် မဲဆန္ဒရှင်ပေါင်း(၃၈၃၉၂) ဦးအတွက် မဲရုံပေါင်း (၄၀)ရုံ၊ စဉ့်ကိုင်မြို့နယ်တွင် မဲပေးပိုင်ခွင့်ရှိသည့် မဲဆန္ဒရှင်ပေါင်း(၁၁၀၀၀၄) ဦးအတွက် မဲရုံပေါင်း (၁၁၉)ရုံ၊ ကျောက်ပန်းတောင်းမြို့နယ်တွင် မဲပေးပိုင်ခွင့်ရှိသည့် မဲဆန္ဒရှင်ပေါင်း (၁၄၇၇၂၉)ဦးအတွက် မဲရုံပေါင်း (၂၀၀)ရုံ၊ ဝမ်းတွင်းမြို့နယ်တွင် မဲပေးပိုင်ခွင့်ရှိသည့် မဲဆန္ဒရှင်ပေါင်း (၁၆၆၄၅၈)ဦးအတွက် မဲရုံပေါင်း(၂၁၈)ရုံ၊ သာစည်မြို့နယ်တွင် မဲပေးပိုင်ခွင့်ရှိသည့် မဲဆန္ဒရှင်ပေါင်း (၁၅၉၅၀၁)ဦးအတွက် မဲရုံပေါင်း (၂၁၀)ရုံတို့ကို စနစ်တကျ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**









# နိုင်ငံတကာ အားကစား သတင်းများ

## နည်းပြ ဂယ်ရီအိုနေးလ်ကို နည်းပြသစ်အဖြစ် စထရာဘော့အသင်း ခန့်အပ်

**ပါရီ ဇန်နဝါရီ ၈**

ပြင်သစ်လီဂူးကလပ် စထရာဘော့အသင်းသည် အသင်းနည်းပြသစ်အဖြစ် နည်းပြ ဂယ်ရီအိုနေးလ်ကို ခန့်အပ်ခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါနည်းပြသည် နည်းပြဘဝသက်တမ်းတစ်လျှောက်တွင် ဘုန်းမောက်၊ ဝုဖ်အသင်းတို့ကို ကိုင်တွယ်ခဲ့ပြီး အတွေ့အကြုံရှိသည့် နည်းပြတစ်ဦးဖြစ်ခြင်းကြောင့် စထရာဘော့အသင်းက နည်းပြသစ်အဖြစ် ခန့်အပ်ခဲ့ခြင်းဖြစ်သည်။

အသက်(၄၂)နှစ်အရွယ်ရှိ ဂယ်ရီအိုနေးလ်က "ကျွန်တော် အခုလို စထရာဘော့အသင်း နည်းပြဖြစ်လာခဲ့ပါပြီ။ယုံကြည်စွာနဲ့ တာဝန်ပေးအပ်ခဲ့တဲ့ အသင်းတာဝန်ရှိသူအားလုံးကို အထူးကျေးဇူးတင်ပါတယ်။ ဒီအသင်းနဲ့ နိုင်ပွဲတွေ ရယူနိုင်အောင်လည်း အစွမ်းကုန် ကြိုးစားသွားမှာပါ" ဟု ပြောသည်။ **(အောက်ပုံ)**

**(NGB)**



## တန်ဟက်ဂ် FC တွမ်တီးအသင်း၏ နည်းစနစ်ဒါရိုက်တာအဖြစ် ခန့်အပ်ခြင်းခံရ



**လန်ဒန် ဇန်နဝါရီ ၈**

FC တွမ်တီးအသင်းသည် အသင်း အားကစားဒါရိုက်တာအဖြစ် မန်ယူအသင်း နည်းပြဟောင်း တန်ဟက်ဂ်ကို ခန့်အပ်ခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အသက်(၅၅)နှစ်အရွယ်ရှိ တန်ဟက်ဂ်သည် FC တွမ်တီးအသင်းနှင့်အတူ ၂၀၂၈ခုနှစ်အထိ စာချုပ် ချုပ်ဆိုခဲ့သည်။

တန်ဟက်ဂ်သည် နည်းပြဘဝတစ်လျှောက်တွင် အေဂျက်စ်၊ မန်ယူ၊ လေဗာကူဆင် စသည့် ကလပ်အသင်းများကို ကိုင်တွယ်ပြီး အတွေ့အကြုံရှိသူတစ်ဦးလည်း ဖြစ်သည်။ **(ဝဲပုံ)**

တန်ဟက်ဂ်က "အခုလို FC တွမ်တီးအသင်းမှာ နည်းစနစ်ဒါရိုက်တာအဖြစ် ခန့်အပ်ခြင်းခံရလို့ အတိုင်းမသိ ပျော်ရွှင်မိပါတယ်။ ဒီအသင်းကို တိုးတက်အောင်မြင်အောင်လည်း အစွမ်းကုန်ကြိုးစားသွားမှာပါ" ဟု ပြောသည်။

**(NGB)**



## စပိန်စူပါဖလား ဗိုလ်လုပွဲအဆင့်သို့ ဘာစီလိုနာအသင်း တက်ရောက်

**ဘာစီလိုနာ ဇန်နဝါရီ ၈**

၂၀၂၅-၂၀၂၆ ဘောလုံးရာသီ စပိန်စူပါဖလား ဗိုလ်လုပွဲအဆင့်သို့ ဘာစီလိုနာအသင်း တက်ရောက်ခဲ့သည်။

ဘာစီလိုနာအသင်းသည် စပိန်စူပါဖလား ဆီးမီးဖိုင်နယ်အဆင့်တွင် ဘီလ်ဘာအိုအသင်းကို ငါးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိကာ ဗိုလ်လုပွဲအဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

ဘာစီလိုနာအသင်းအတွက် သွင်းဂိုး ငါးဂိုးကို ပွဲချိန် ၂၂မိနစ်တွင် ဖာရန်တောရက်စ်၊ ပွဲချိန် ၃၀ မိနစ်တွင် လိုပက်ဇ်၊ ပွဲချိန် ၃၄မိနစ်တွင် ရူနီဘာ့ဂ်ကျီ၊ ပွဲချိန် ၃၈မိနစ်နှင့် ၅၂မိနစ်တွင် ရာဖင်ဟာတို့က အသီးသီး သွင်းယူပေးခဲ့ကြသည်။

ဘာစီလိုနာအသင်းနည်းပြ ဟန်ဆီဖလစ်ခ်က "ဘီလ်ဘာအိုအသင်းကို ဂိုးပြတ်အနိုင်ရပြီး ဗိုလ်လုပွဲအဆင့်ကို တက်ရောက်နိုင်ခဲ့လို့ အတိုင်းမသိ ဝမ်းသာပျော်ရွှင်မိပါတယ်။ ဗိုလ်လုပွဲအဆင့်မှာလည်း အကောင်းဆုံး ယှဉ်ပြိုင်ကစားပြီး စပိန်စူပါဖလား ချန်ပီယံဆုကြီးကို ရယူသွားမှာပါ" ဟု ပြောသည်။

**(အပေါ်ပုံ)**

**(NGB)**

## ဂိုးသမား လူးကပ်စ်ချာဗက်စ်ကို အငှားစာချုပ်ဖြင့် ပါနာသီနာကို့စ်အသင်း ခေါ်ယူ

**လန်ဒန် ဇန်နဝါရီ ၈**

ပါနာသီနာကို့စ်အသင်းသည် အာဂျင်တီးနားဂျူနီယာအသင်းမှ ဂိုးသမား လူးကပ်စ်ချာဗက်စ်ကို ရာသီကုန်အထိ အငှားစာချုပ်ဖြင့် ခေါ်ယူခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အသက်(၃၀)နှစ်အရွယ်ရှိ ဂိုးသမားသည် အာဂျင်တီးနားဂျူနီယာအသင်းနှင့်အတူ ၂၀၁၆မှ ၂၀၂၅အထိ ပြိုင်ပွဲစုံ ၁၃၈ပွဲကစားကာ အကောင်းဆုံးလက်စွမ်းပြနိုင်ခဲ့ခြင်းကြောင့် ပါနာသီနာကို့စ်အသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

ပါနာသီနာကို့စ်အသင်း၏ ထုတ်ပြန်ချက်တွင် "လူးကပ်စ်ချာဗက်စ်ကို ခေါ်ယူခဲ့ပါပြီ။အသင်းအနေနဲ့လည်း လက်ရှိဈေးကွက်အတွင်း ကစားသမားသစ်တွေ ထပ်မံ ခေါ်ယူအားဖြည့်သွားဦးမှာပါ" ဟု ထုတ်ပြန်သည်။

**(အောက်ပုံ) (NGB)**



## လီယွန်ဂိုရက်ဇ်ကာကို ခေါ်ယူရန် အက်သလက်တီကိုမက်ဒရစ်အသင်း စီစဉ်

**မြူးနစ် ဇန်နဝါရီ ၈**

အက်သလက်တီကိုမက်ဒရစ်အသင်းသည် ဘိုင်ယန်မြူးနစ်အသင်း ကွင်းလယ်ကစားသမား လီယွန်ဂိုရက်ဇ်ကာကို ခေါ်ယူရန် စီစဉ်လျက်ရှိသည်။




အသက်(၃၀)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားသည် ဘိုင်ယန်မြူးနစ်အသင်းနှင့်အတူ ၂၀၁၈-၂၀၁၉မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၂၈၇ပွဲကစားပြီး ၄၆ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အက်သလက်တီကိုမက်ဒရစ်အသင်းက ခေါ်ယူရန် စီစဉ်လာခြင်းဖြစ်သည်။ **(ဝဲပုံ)**

ကွင်းလယ်ကစားသမား လီယွန်ဂိုရက်ဇ်ကာကလည်း လက်ရှိအချိန် ဘိုင်ယန်မြူးနစ်အသင်း၏တာဝန်ရှိသူများနှင့် အဆင်မပြေဖြစ်နေခြင်းကြောင့် အသင်းမှ ထွက်ခွာချင်နေသည်။

ထို့ကြောင့် အက်သလက်တီကိုမက်ဒရစ်အသင်းအနေဖြင့် လက်ရှိဈေးကွက်အတွင်းတွင် လီယွန်ဂိုရက်ဇ်ကာကို ခေါ်ယူနိုင်မည်လားဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။ **(NGB)**

## ဟာဗက်ဇ်ကို တစ်နှစ်ထပ်မံသက်တမ်းတိုးရန် အာဆင်နယ်အသင်း စီစဉ်

**လန်ဒန် ဇန်နဝါရီ ၈**

အာဆင်နယ်အသင်းသည် အသင်းကွင်းလယ်တိုက်စစ်ကစားသမား ဟာဗက်ဇ်ကို တစ်နှစ်



ထပ်မံသက်တမ်းတိုးရန် စီစဉ်လျက်ရှိပြီဖြစ်သည်။

အသက်(၂၆)နှစ်အရွယ်ရှိ ကွင်းလယ်တိုက်စစ်ကစားသမားသည် အာဆင်နယ်အသင်းနှင့်အတူ ၂၀၂၃-၂၀၂၄ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၈၉ပွဲကစားပြီး ၂၉ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အာဆင်နယ်အသင်းက သက်တမ်းတိုးစာချုပ် ချုပ်ဆိုရန် စီစဉ်လာခြင်းဖြစ်သည်။

အာဆင်နယ်အသင်း၏ထုတ်ပြန်ချက်တွင် "ဟာဗက်ဇ်ကို တစ်နှစ်သက်တမ်းတိုးရန် စီစဉ်နေပါပြီ။ သူကိုယ်တိုင်ကလည်း အသင်းမှာ ပျော်ရွှင်နေပါတယ်။ သူဟာအသင်းအတွက် ကစားသမားကောင်းတစ်ယောက်ပါ" ဟု ထုတ်ပြန်သည်။**(ဝဲပုံ) (NGB)**

## 2026 Australian Open တင်းနစ်ပြိုင်ပွဲ ဇန်နဝါရီ ၁၈ ရက်တွင် စတင်မည်

**မဲလ်ဘုန်း ဇန်နဝါရီ ၈**

ဩစတြေးလျနိုင်ငံတွင် ကျင်းပမည်ဖြစ်သော နာမည်ကျော်တင်းနစ်ပြိုင်ပွဲတစ်ခုဖြစ်သည့် 2026 Australian Open တင်းနစ်ပြိုင်ပွဲ လာမည့်ဇန်နဝါရီ ၁၈ ရက်တွင် စတင်သွားမည်ဖြစ်သည်။

အဆိုပါ 2026 Australian Open တင်းနစ်ပြိုင်ပွဲကို ဇန်နဝါရီ ၁၈ ရက်မှ ဖေဖော်ဝါရီ ၂ ရက်အထိ ၁၆ ရက်ကြာ ကျင်းပသွားမည်ဖြစ်သည်။ **(ယာပုံ)**

2026 Australian Open တင်းနစ်ပြိုင်ပွဲသို့ နာမည်ကျော်တင်းနစ်ကစားသမား၊ တင်းနစ်မယ်များစွာ ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

Australian Open တင်းနစ်ပြိုင်ပွဲ၏ လက်ရှိချန်ပီယံမှာ အီတလီ တင်းနစ်ကစားသမား Jannik Sinner နှင့် အမေရိကန် တင်းနစ်မယ် Madison Keys တို့ ဖြစ်သည်။ **(NGB)**



### စပိန်လာလီဂါ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၁၉) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံးငါးပွဲရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|
| ၁၀-၁-၂၀၂၆<br>ညနေ၁၂း၃၀နာရီ | (၁၀)ဂီတာဖေး - ဆိုစီဒက်(၁၅)<br>(L,L,L,L,D) (L,L,W,D,D) | ဂီတာဖေး ၀-၀ ဆိုစီဒက်<br>ဆိုစီဒက် ၀-၃ ဂီတာဖေး |

### ဂျာမန်ဘွန်ဒက်လီဂါ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၁၆) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံးငါးပွဲရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|
| ၁၀-၁-၂၀၂၆<br>နံနက်၀၂း၀၀နာရီ | (၇)ဖရန့်ဖတ် - ဒေါ့မွန်(၂)<br>(D,L,L,W,D) (L,W,D,D,W) | ဖရန့်ဖတ် ၂-၀ ဒေါ့မွန်<br>ဒေါ့မွန် ၂-၀ ဖရန့်ဖတ် |

### အာဖရိကနိုင်ငံများဖလားဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်များ နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ်/(ရှုံးထွက်အဆင့်) | နောက်ဆုံးတွေ့ဆုံမှုရလဒ် |
|---|---|---|---|
| ၉-၁-၂၀၂၆<br>သောကြာနေ့ | ည ၁၀း၃၀နာရီ | မာလီ - ဆီနီဂေါ | ——— |
| ၁၀-၁-၂၀၂၆<br>စနေနေ့ | နံနက်၀၁း၃၀နာရီ | ကင်မရွန်း - မော်ရိုကို | ကင်မရွန်း ၁-၀ မော်ရိုကို |

# မန္တလေးတိုင်းဒေသကြီးအတွင်း ပြန်လည်တည်ဆောက်လျက်ရှိသော ဝန်ထမ်းအိမ်ရာအဆောက်အအုံအသစ်(၂၆)လုံးအား လုပ်ငန်းအပ်နှံခြင်း သဘောတူစာချုပ် ချုပ်ဆို





**မန္တလေး ဇန်နဝါရီ ၈**

မန္တလေးတိုင်းဒေသကြီးအတွင်း ပြန်လည်တည်ဆောက်လျက်ရှိသော ဝန်ထမ်းအိမ်ရာအဆောက်အအုံအသစ်(၂၆)လုံးအား လုပ်ငန်းအပ်နှံခြင်း သဘောတူစာချုပ် ချုပ်ဆို လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းက မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အစည်းအဝေးခန်းမ ရှစ်ထပ်ဆောင်တွင် ကျင်းပသည်။

ဦးစွာ နိုင်ငံ့ဝန်ထမ်းအိမ်ရာ၊ အငှားအိမ်ရာတည်ဆောက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ မန္တလေးမြို့တော်ဝန် ဦးကျော်ဆန်းက အဖွင့်အမှာစကားပြောကြားရာ အဆောက်အအုံများ ဆောက်လုပ်ရာတွင် သတ်မှတ်စံချိန်စံညွှန်းများအတိုင်း ဆောက်လုပ်ကြရန်နှင့် သတ်မှတ်အချိန်အတိုင်း ဆောလျင်စွာပြီးစီးနိုင်ရေးတို့ကို အဓိကထားမှာကြားခဲ့သည်။

ထို့နောက် နိုင်ငံ့ဝန်ထမ်းအိမ်ရာ၊ အငှားအိမ်ရာတည်ဆောက်ရေးလုပ်ငန်းကော်မတီအတွင်းရေးမှူး၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူး ဦးနေမင်းထက်မှ စီမံကိန်းဆိုင်ရာအချက်အလက်များအား ဆွေးနွေးတင်ပြပြီး မြန်မာမြို့ပြနှင့် အခြေခံအဆောက်အအုံဖွံ့ဖြိုးရေးလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးသန်းနိုင်မှ စီမံကိန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများအား ရှင်းလင်းတင်ပြသည်။

နိုင်ငံ့ဝန်ထမ်းအိမ်ရာ အငှားအိမ်ရာတည်ဆောက်ရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ မန္တလေးမြို့တော်ဝန် ဦးကျော်ဆန်းက နိဂုံးချုပ်အနေဖြင့် ဘဏ္ဍာနှစ်အလိုက် အချိန်မီပြီးစီးရေးနှင့် လုပ်ငန်းဆောင်ရွက်မှုအဆင့်အလိုက် အချိန်မီ ဆောင်ရွက်ကြရန်လမ်းညွှန်မှာကြားကာ လုပ်ငန်းအပ်နှံခြင်း သဘောတူစာချုပ်ချုပ်ဆိုခြင်း လက်မှတ်ရေးထိုးခဲ့သည်။

အဆိုပါ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် မြန်မာမြို့ပြနှင့် အခြေခံအဆောက်အအုံများဖွံ့ဖြိုးရေးလုပ်ငန်းရှင်များအသင်း MDA တို့အကြား ချုပ်ဆိုကြသည့် အရာထမ်းကြီးအိမ်ရာ RC (၂)ခန်းတွဲ (၃)ထပ် (၃)လုံး၊ အရာထမ်းအိမ်ရာ RC (၄)ခန်းတွဲ (၄)ထပ် (၁၁)လုံးနှင့် အမှုထမ်းအိမ်ရာ RC (၄)ခန်းတွဲ (၄)ထပ် (၁၂)လုံး၊ စုစုပေါင်းအဆောက်အအုံ(၂၆)လုံး ဆောက်လုပ်ခြင်းလုပ်ငန်းအပ်နှံခြင်း သဘောတူစာချုပ် လက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၆)**

၀-၀-၀-၀

## သမဝါယမသင်တန်းကျောင်းမှ သင်တန်းသား၊ သင်တန်းသူများ လက်တွေ့ကွင်းဆင်းလေ့လာ

**မကွေး ဇန်နဝါရီ ၈**

(၂၀၂၅-၂၀၂၆)ပညာသင်နှစ်၌ သမဝါယမသင်တန်းတွင် ပထမနှစ်(၇၂)ဦး၊ ဒုတိယနှစ်(၃၀)ဦး စုစုပေါင်း သင်တန်းသား၊ သင်တန်းသူ (၁၀၂)ဦးဖြင့် ဖွင့်လှစ်သင်ကြားလျက်ရှိရာ သင်တန်းသား၊ သင်တန်းသူများအား အဖွဲ့(၅)ဖွဲ့ခွဲ၍ ဒီဇင်ဘာ ၃၁ ရက်က ကျောင်းအုပ်ကြီး၊ ကြီးကြပ်နည်းပြဆရာ၊ ဆရာမများနှင့် ဒုတိယနှစ် သင်တန်းသား၊ သင်တန်းသူ ၃၀ ဦးလိုက်ပါ၍ အောင်လံမြို့နယ် သမဝါယမ အသင်းစု၏ ဆီစက်လုပ်ငန်းအား လက်တွေ့ကွင်းဆင်းလေ့လာခဲ့သည်။

ထိုသို့ကွင်းဆင်းလေ့လာရာတွင် ကျောင်းအုပ်ကြီး၊ နည်းပြဆရာ၊ဆရာမများနှင့် ဒုတိယနှစ် သင်တန်းသား၊ သင်တန်းသူများက အသင်းစု၏ စာရင်းဇယားများအား လက်တွေ့ရေးဆွဲခဲ့ပြီး အောင်လံမြို့နယ် ဒုရင်ဗိုလ်ကျေးရွာရှိ အောင်လံသားစိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းစုမှ စပါးကြိတ်ခွဲသန့်စင်စက်သို့ သွားရောက်ပြီး စပါးကြိတ်ခွဲသန့်စင်ခြင်းလုပ်ငန်းကို ကြည့်ရှုလေ့လာခဲ့ရာ အောင်လံမြို့နယ် သမဝါယမအသင်းဦးစီးဌာနအရာရှိ အသင်းစုဥက္ကဋ္ဌနှင့် စပါးကြိတ်ခွဲသန့်စင်စက် တာဝန်ရှိသူများမှ ဆွေးနွေးချက်များကို ဖြေကြားကြသည်။ ထို့နောက် သင်တန်းသားများ လက်တွေ့ကွင်းဆင်းလေ့လာမှု အတွေ့အကြုံရှင်းလင်းပွဲနှင့် မိတ်ဆုံညစာစားပွဲကို ဇန်နဝါရီ ၂ ရက်က မကွေးမြို့၊ သမဝါယမသင်တန်းကျောင်းတွင်ပြုလုပ်ရာ သမဝါယမဦးစီးဌာန၊ တိုင်းဦးစီးမှူး၊ ဦးမြင့်ဇော်ထွန်းက အမှာစကားပြောကြား၍ ကျောင်းအုပ်ဆရာမကြီး ဒေါ်စန္ဒာထွန်းက လက်တွေ့ကွင်းဆင်းမှုလုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ပြီး သွားရောက် လေ့လာခဲ့သည့် အဖွဲ့မှ ကိုယ်စားပြုသင်တန်းသား တစ်ဦးက မိမိတို့ လက်တွေ့ကွင်းဆင်းလေ့လာမှုအခြေအနေများကို တင်ပြခဲ့ကြောင်းသိရသည်။

**(အောက်ပုံ)**

**မောင်ခိုင်မင်း(ပြန်ဆက်)**





## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဝန်ထမ်းများအား (၂၇)ကြိမ်မြောက် ဟင်းသီးဟင်းရွက်များ ထောက်ပံ့

**မန္တလေး ဇန်နဝါရီ ၈**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဝန်ထမ်းများအား ယခုဘဏ္ဍာရေးနှစ်အတွင်း (၂၇)ကြိမ်မြောက် ဟင်းသီးဟင်းရွက်များ ထောက်ပံ့ခြင်းကို ယနေ့နံနက်ပိုင်းက မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံး ခြောက်ထပ်ဆောင်မြေညီထပ်တွင် ပြုလုပ်ခဲ့ကြသည်။ **(အပေါ်ပုံ)**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဌာန ဘက်စုံခြံမှ ထုတ်ကုန်များဖြစ်သော ဟင်းသီးဟင်းရွက်များကို ကော်မတီ၏ လမ်းညွှန်မှုများအတိုင်း ဝန်ထမ်းများသက်သာချောင်ချိရေးအတွက် ထောက်ပံ့ပေးခြင်းဖြစ်ပြီး ရာသီအလိုက် သီးနှံများကိုစိုက်ပျိုး၍ ခူးဆွတ်ပေး ဝေလျက်ရှိရာ ဆက်လက်ဖြန့်ဝေနိုင်ရန် သီးနှံများပျိုးထောင်ထားရှိကြောင်း စိုက်ပျိုးရေးနှင့် မွေးမြူရေးဌာန တာဝန်ရှိသူထံမှသိရသည်။

(၂၇)ကြိမ်မြောက် ဟင်းသီးဟင်းရွက်များကိုထောက်ပံ့ပေးအပ်ရာ မုန်လာဥအစည်း ၄၀၀၊ မုန့်ညင်းအစည်း ၁၀၀၊ ခရမ်းချဉ်သီး အထုပ် ၈၀၊ ဆလတ်ရွက်အစည်း ၁၅၀၊ ကြက်သွန်မိတ်အစည်း ၁၀၀ နှင့် ငွေနှင်းမှို ၈ ပိဿာတို့ကို မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနရှိ ဝန်ထမ်း ၁၄၂ ဦး၊ အဆောက်အအုံနှင့်ကုန်ရုံဌာနရှိ ဝန်ထမ်း ၁၉၂ ဦး၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဌာနရှိ ဝန်ထမ်း ၄၅ ဦးတို့အား စိုက်ပျိုးရေးနှင့်မွေးမြူရေးဌာန ဌာနခွဲမှူး ဒေါ်ရွှေရည်ဝင်းနှင့် တာဝန်ရှိသူများက ဟင်းသီးဟင်းရွက်များကို အချိုးကျ ခွဲဝေထောက်ပံ့ပေးအပ်ကြရာ သက်ဆိုင်ရာဌာန တာဝန်ရှိသူများကလက်ခံရယူခဲ့ကြကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၃)**

## မြန်မာဆန်စပါးအွန်လိုင်း (Myanmar Rice Online Application-My RO)Software အသုံးပြုနည်း သင်တန်းဖွင့်လှစ်

**ရန်ကုန် ဇန်နဝါရီ ၈**

မြန်မာဆန်စပါးအွန်လိုင်း (Myanmar Rice Online Application – My RO ) Software အသုံးပြုခြင်းနှင့်စပ်လျဉ်း၍ Software အသုံးပြုနည်း သင်တန်းအား မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး၊ စားသုံးသူရေးရာဦးစီးဌာန အစည်းအဝေးခန်းမ၌ ယနေ့ နံနက်ပိုင်းက ကျင်းပပြုလုပ်သည်။

အဆိုပါ သင်တန်းတွင် တိုင်းဒေသကြီးဦးစီးမှူး ဦးဇေယျာဆွေမှ အဖွင့်အမှာ စကားပြောကြားပြီး မြန်မာဆန်စပါးအွန်လိုင်း (Myanmar Rice Online Application–My RO)Software အသုံးပြုခြင်းနှင့် စပ်လျဉ်း၍ ဦးစီးအရာရှိ ဒေါ်လှပိုမှ (My RO )တွင် ကုန်ထုတ်၊ ကုန်ရ၊ ကုန်လက်ကျန်များ ဖြည့်သွင်းခြင်းလုပ်ငန်းစဉ်များ၊ သက်တမ်းတိုးခြင်းနှင့်စပ်လျဉ်းသည့် လုပ်ငန်းစဉ်များ၊ သိုလှောင်ရုံ အသစ်လျှောက်ထားရာ၌ လိုအပ်သည့် အချက်အလက်များနှင့် လျှောက်ထားရသည့် လုပ်ငန်းစဉ်များအကြောင်းများကို ရှင်းလင်းဆွေးနွေးသည်။

၎င်းသင်တန်းကို ဆန်စက်လုပ်ငန်းရှင်များအသင်း၊ ဆန်ကုန်သည်အသင်းနှင့် ဆန်ကုန်စည်ဒိုင်အသင်းတို့မှဆန်လုပ်ငန်းရှင် ၄၁ ဦး နှင့် ခရိုင်များမှလည်း Virtual စနစ်ဖြင့် တက်ရောက်ခဲ့ကြပြီး မြန်မာဆန်စပါးအွန်လိုင်း(My RO) Software နှင့်ပတ်သက်၍ သင်တန်းတက်ရောက်သူများက မရှင်းလင်းသည်များ၊ သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)(မန္တလေးနေ့စဉ်-၅)**



## နှစ်စဉ် ဆန်တန်ချိန် သုံးသန်းတင်ပို့ရာကနေ ၂၀၃၀ ပြည့်နှစ်တွင် ဆန်တန်ချိန် ငါးသန်း တင်ပို့နိုင်ရန် မျှော်မှန်း



နှစ်စဉ် ဆန်တန်ချိန် သုံးသန်း တင်ပို့ရာကနေ ၂၀၃၀ ပြည့်နှစ်မှာ ဆန်တန်ချိန် ငါးသန်းအထိ တိုးမြှင့်တင်ပို့နိုင်ရန် မျှော်မှန်းထားကြောင်း မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်(MRF) မှ သိရသည်။

ထိုသို့တင်ပို့နိုင်ရန် ပို့ကုန်ဆန် တစ်တန်ကို Rice Export Zone တစ်ဧက ရည်မှန်းပြီး စိုက်ဧက ငါးသန်းအထိ နှစ်စဉ် တိုးတက်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း အသင်းတာဝန်ရှိသူတစ်ဦးက ပြောသည်။

MRF အနေဖြင့် လက်ရှိမှာ ပို့ကုန်နှစ်ဆ တိုးမြှင့်ဆောင်ရွက်နိုင်ရန် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနရဲ့ ဦးဆောင်မှုနှင့် Rice Export Zone များကို မြို့နယ် ၁၀၀ ခန့်မှာ ဖော်ဆောင်ရန် ဆောင်ရွက်လျက်ရှိသည်။

၂၀၂၅-၂၀၂၆ ခုနှစ် နွေစပါးရာသီတွင် ဧက ၂၅၀၀၀၀၊ ၂၀၂၆-၂၀၂၇ မိုးစပါးရာသီတွင် ဧက ၃၅၀၀၀၀ အထိ တိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်သည်။

လက်ရှိမှာ ပြည်တွင်းဆန်ထုတ်လုပ်မှု စုစုပေါင်း၏ ၈၀ ရာခိုင်နှုန်းကို ပြည်တွင်းကပဲ စားသုံးကြပြီး ကျန် ၂၀ ရာခိုင်နှုန်းကို ပြည်ပဈေးကွက်သို့ တင်ပို့လျက်ရှိသည်။

မြန်မာနိုင်ငံအနေဖြင့် ပြည်ပဈေးကွက်နိုင်ငံများသို့ ဆန်တစ်မျိုးတည်း တင်ပို့မှုကနေ နှစ်စဉ် အမေရိကန်ဒေါ်လာ တစ်ဘီလီယံနီးပါးရရှိနေခြင်း ဖြစ်သည်။ ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလအတွင်း ဆန်၊ ဆန်ကွဲ တင်ပို့မှုမှ မက်ထရစ်တန်ချိန် ၂၆၃,၈၁၅ တင်ပို့မှုကနေ ပို့ကုန်ဝင်ငွေအနေနှင့် အမေရိကန်ဒေါ်လာ ၇၆ သန်း ရရှိထားသည်။

ယခုဘဏ္ဍာနှစ် ဧပြီလမှ နိုဝင်ဘာလအထိ ရှစ်လတာအတွင်း ပြည်ပကို ဆန်၊ဆန်ကွဲတန်ချိန် ၁ ဒသမ ၇ သန်းကျော် တင်ပို့နိုင်ခဲ့ပြီး ပို့ကုန်ဝင်ငွေ အမေရိကန်ဒေါ်လာ ၅၇၅ သန်း ရရှိထားကြောင်းသိရသည်။

**ရွှေမန်း**

## မြေခွန်ပေးဆောင်ရန် အသိပေးနှိုးဆော်ခြင်း

၁။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ နယ်နိမိတ်အတွင်းရှိ မြေငှားဂရန်စာချုပ်ရရှိထားသော မြေကွက်များအား နှစ်စဉ်မြေခွန်ကောက်ခံလျက်ရှိရာ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွင်း မြေခွန်များအား သက်ဆိုင်ရာ မြို့နယ်အုပ်ချုပ်ရေးမှူးရုံးများမှ ကောက်ခံလျက်ရှိပါသည်။ မြေခွန်ပေးဆောင်လိုသူများအနေဖြင့် သက်ဆိုင်ရာ မြို့နယ်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်ပေးဆောင်နိုင်ပါသည်။

၂။ ၂၀၁၉ ခုနှစ်၊ ကိုဗစ်ကာလနှင့် ပေးဆောင်ရခြင်းမရှိသေးသော ကာလများအတွက် မြေခွန်ကြွေးကျန်များကို မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနနှင့် သက်ဆိုင်ရာ မြို့နယ်အုပ်ချုပ်ရေးမှူးရုံးများသို့ အောက်ပါဖုန်းနံပါတ်များဖြင့် ဆက်သွယ်ပေးဆောင်နိုင်ကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန(ကြွေးကျန်ကောက်ခံရေးအဖွဲ့)

| စဉ် | မြို့နယ် | ဆက်သွယ်ရန် ဖုန်းနံပါတ် |
|---|---|---|
| က | အောင်မြေသာစံ | ၀၉-၄၀၂၆၂၂၉၂၇ |
| ခ | ချမ်းအေးသာစံ | ၀၉-၄၀၂၇၇၅၅၇၁ |
| ဂ | မဟာအောင်မြေ | ၀၉-၄၃၁၈၉၂၈၇ |
| ဃ | ချမ်းမြသာစည် | ၀၉-၇၇၆၂၆၃၃၈၇ |
| င | ပြည်ကြီးတံခွန် | ၀၉-၄၀၂၆၀၃၇၃၆ |
| စ | အမရပူရ | ၀၉-၄၀၂၆၇၆၄၀၈ |

မြို့နယ်အုပ်ချုပ်ရေးမှူးရုံးများ(မြေခွန်ကောက်ခံရေးအဖွဲ့)

| စဉ် | မြို့နယ် | ဆက်သွယ်ရန် ဖုန်းနံပါတ် |
|---|---|---|
| က | အောင်မြေသာစံ | ၀၉-၂၀၄၀၀၂၆ |
| ခ | ချမ်းအေးသာစံ | ၀၉-၉၇၉၆၂၂၄၆၃ |
| ဂ | မဟာအောင်မြေ | ၀၉-၄၄၄၀၄၅၆၉၇ |
| ဃ | ချမ်းမြသာစည် | ၀၉-၂၅၉၀၀၂၈၄၇ |
| င | ပြည်ကြီးတံခွန် | ၀၉-၄၀၂၅၃၇၀၆၁ |
| စ | အမရပူရ | ၀၉-၄၃၀၇၂၂၄၁ |

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ


## အားကောင်းသောမုန်တိုင်းငယ် အနောက်-အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်

နေပြည်တော် ဇန်နဝါရီ ၈

ယနေ့ညနေ ၃ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းနှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော အီကွေတာအနီး အရှေ့အိန္ဒိယသမုဒ္ဒရာတို့တွင် ဖြစ်ပေါ်နေသော အားကောင်းသောမုန်တိုင်းငယ် အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး မြန်မာနိုင်ငံ ကိုကိုးကျွန်းမြို့၏ အနောက်တောင်ဘက်ရေမိုင် ၇၃၅ မိုင်ခန့်၊ သီရိလင်္ကာနိုင်ငံ ထရီကိုမာလီမြို့၏ အရှေ့တောင်ဘက် ရေမိုင် ၂၅၀ မိုင်ခန့်နှင့် အိန္ဒိယနိုင်ငံ ပူဒူချယ်ရီမြို့၏ တောင်-အရှေ့တောင်ဘက် ရေမိုင် ၄၅၅ မိုင်ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။

အားကောင်းသောမုန်တိုင်းငယ်၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့် အခြေအနေမရှိပါသဖြင့် အဝါရောင်အဆင့်ဟု သတ်မှတ်ပါသည်။

အဆိုပါ အားကောင်းသော မုန်တိုင်းငယ်သည် ယနေ့ညနေ ၃ နာရီခွဲတွင် မြောက်လတ္တီကျု ၅ ဒသမ ၇ ဒီဂရီနှင့် အရှေ့လောင်ဂျီကျု ၈၄ ဒသမ ၃ ဒီဂရီတွင်ရှိပြီး ဗဟိုချက်လေဖိအား ၁၀၀၄ ဟက်တိုပါစကယ်နှင့် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် ၃၅ မိုင်နှုန်းခန့်ဖြစ်သည်။



အဆိုပါ အားကောင်းသောမုန်တိုင်းငယ်သည် အနောက်-အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ပြီး နောက် ၃၆ နာရီအတွင်း သီရိလင်္ကာနိုင်ငံအနီးသို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

**မိုး/ဇလ**

## ကျောက်ကြီးစီ ကမ်းကပ်ခုံနှင့် သံကူကွန်ကရစ်ကြမ်းခင်းတံတားတို့အား Rebound Hammer Test တိုင်းတာစစ်ဆေး

**ရေနံချောင်း ဇန်နဝါရီ ၈**

မကွေးတိုင်းဒေသကြီး၊ ချောက်ခရိုင်၊ ရေနံချောင်းမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်၊တိုင်းဒေသကြီး(ငွေလုံးငွေရင်း) ရန်ပုံငွေဖြင့် ဖန်ခါးစမ်း-သန်းပင်ကုန်း-အလယ်ကန်ကျေးရွာချင်းဆက်လမ်းပေါ်ရှိ ကျောက်ကြီးစီ ကမ်းကပ်ခုံနှင့် သံကူကွန်ကရစ် ကြမ်းခင်းတံတားတို့အား Rebound Hammer Test တိုင်းတာစစ်ဆေးခြင်းကို ယမန်နေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် မကွေးတိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန အရည်အသွေးစစ်ဆေးရေး တာဝန်ခံ အင်ဂျင်နီယာ ဦးခိုင်မင်းစိုး၊ ရေနံချောင်းမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန မြို့နယ်တာဝန်ခံ အင်ဂျင်နီယာ(မြို့ပြ) ဒေါ်သီရိဖြိုးဝေဝင့်နှင့် တာဝန်ရှိသူများက ဖန်ခါးစမ်း-သန်းပင်ကုန်း အလယ် ကန်ကျေးရွာချင်းဆက်လမ်းပေါ်ရှိ ကျောက်ကြီးစီကမ်းကပ်ခုံနှင့် သံကူကွန်ကရစ်ကြမ်းခင်း တံတား တည်ဆောက်ပြီးစီး၍ Rebound Hammer Test တိုင်းတာစစ်ဆေးခြင်းများကို စနစ်တကျဆောင်ရွက်ခဲ့သည်။

အဆိုပါ ကျေးရွာချင်းဆက်လမ်းပေါ်ရှိ အရှည်ပေ ၂၀၊ အကျယ် ၂၄ပေ၊ အမြင့် ရှစ်ပေရှိ ကျောက်ကြီးစီကမ်းကပ်ခုံနှင့် သံကူကွန်ကရစ်ကြမ်းခင်းတံတား တည်ဆောက်ခြင်းလုပ်ငန်းကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်၊ တိုင်းဒေသကြီး(ငွေလုံးငွေရင်း)ရန်ပုံငွေကျပ် ၆၀ ဒသမ ၇၅သန်းဖြင့် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ၂၀၂၅ ခုနှစ် အောက်တိုဘာ ၅ရက်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**နော်လူး**

သင့်သွေးဖြင့် အသက်ကယ်ပါ။


## ရွာဖွေကယ်ဆယ်ရေးဆောင်ရွက်ခဲ့ကြသော တပ်ဖွဲ့ဝင်များအား နိုင်ငံ့ဝန်ထမ်းဆိုင်ရာ ဂုဏ်ထူးဆောင်ဆုများချီးမြှင့်

**သရက် ဇန်နဝါရီ ၈**

မန္တလေးငလျင်ကြီးသို့ ရှာဖွေကယ်ဆယ်ရေးသွားရောက်ဆောင်ရွက်ခဲ့ကြသော တပ်ဖွဲ့ဝင်များအား မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၏ ချီးကျူးဂုဏ်ပြုလွှာနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးမှ ချီးမြှင့်သော ဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ပွဲကို ယနေ့ နံနက် ၉ နာရီတွင် သရက်ခရိုင် မီးသတ်ဦးစီးမှူးရုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ သရက်ခရိုင်အတွင်းမှ ငလျင်ကြီးတွင် ရှာဖွေကယ်ဆယ်ရေး သွားရောက်ဆောင်ရွက်ခဲ့သော တပ်ဖွဲ့ဝင် ၂၀ ဦး တက်ရောက်ကာ ဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေကျပ် သုံးသိန်းစီကို ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ဇော်ထက်(သရက်)**



## ကလေးငယ်များအား ပုံမှန်ကာကွယ်ဆေးများ ထိုးနှံတိုက်ကျွေး



**ဟုမ္မလင်း ဇန်နဝါရီ ၈**

စစ်ကိုင်းတိုင်းဒေသကြီး၊ ဟုမ္မလင်းခရိုင်၊ ဟုမ္မလင်းမြို့နယ်တွင် မွေးစမှအသက်တစ်နှစ်ခွဲအောက် ကလေးငယ်များအား ပုံမှန်ကာကွယ်ဆေးများ ထိုးနှံတိုက်ကျွေးခြင်းကို ယမန်နေ့ နံနက် ၉ နာရီမှ ယနေ့အထိ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ကုသခန်းမဆောင်၌ ဆောင်ရွက်ပေးလျက်ရှိသည်။

ဟုမ္မလင်းမြို့နယ်အတွင်းရှိ မွေးစမှအသက်တစ်နှစ်ခွဲအောက် ကလေးငယ်များ ကျန်းမာသန်စွမ်းပြီး ရောဂါဘယကင်းဝေးစေရန်အတွက် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးဝန်ကြီးဌာန၏ လမ်းညွှန်ချက်နှင့်အညီ ပုံမှန်ကာကွယ်ဆေးများ ထိုးနှံတိုက်ကျွေးပေးသည်။ (ဓါတ်ပုံ)

ထိုသို့ကာကွယ်ဆေးထိုးနှံပေးရာတွင် ကျန်းမာရေးဝန်ထမ်းများက ဟုမ္မလင်းမြို့နယ်ရှိ မွေးစမှ အသက်တစ်နှစ်ခွဲအောက် ကလေးငယ်များကို အသက်အရွယ်အပိုင်း အခြားအလိုက် ပုံမှန်ကာကွယ်ဆေးများဖြစ်သည့် ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်၊ အသည်းရောင်အသားဝါ(ဘီ)ပိုး၊ ဦးနှောက်အမြှေးရောင်ငါးမျိုးစပ် ကာကွယ်ဆေး၊ ပိုလီယိုအကြောသေ၊ ဝက်သက်၊ ဂျိုက်သိုးရောဂါကာကွယ်ဆေးထိုးနှံပေးခြင်း၊ ပြင်းထန်ဝမ်းပျက်ဝမ်းလျှောဖြစ်စေတတ်သော ရိုတာ(Rota)ကာကွယ်ဆေးတိုက်ကျွေးခြင်းနှင့် ကိုယ်ဝန်ဆောင်မိခင်များအား မေးခိုင်၊ ဆုံဆို့ ကာကွယ်ဆေးထိုးနှံပေးခဲ့သည်။

ထို့အပြင် ဟုမ္မလင်းမြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကိုယ်ဝန်ဆောင်မိခင်များအားကာကွယ်ဆေးများ ထိုးနှံပေးခြင်းနှင့် ကျန်းမာရေးစစ်ဆေးပေးခြင်း၊ သက်ကြီးဘိုးဘွားများအား ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ ကျန်းမာရေးဆိုင်ရာအသိပညာပေးခြင်းများ စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ၂၀၂၆ ဖီဖာကမ္ဘာ့ဖလားပြိုင်ပွဲတွင် တရုတ်အေအိုင်နည်းပညာများကို အသုံးပြုသွားမည်

**ပေကျင်း ဇန်နဝါရီ ၈**

ဒိုင်လူကြီးများအတွက် နည်းပညာများ အဆင့်မြှင့်တင်ရန်၊ ပွဲစဉ်အလိုက် သုံးသပ်အကဲဖြတ်နိုင်စွမ်း ပိုမိုကောင်းမွန်စေရန်နှင့် ပရိသတ်များ၏ အာရုံစိုက်မှုကို မြှင့်တင်နိုင်ရန်အတွက် ၂၀၂၆ ခုနှစ် ဖီဖာ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင် တရုတ်နည်းပညာကုမ္ပဏီ Lenovo က တီထွင်ထားသော ဉာဏ်ရည်တု (AI) နည်းပညာများကို အသုံးပြုသွားမည်ဖြစ်ကြောင်း ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (ဖီဖာ) နှင့် ယင်း၏ တရားဝင်နည်းပညာမိတ်ဖက်ဖြစ်သော Lenovo တို့က ဇန်နဝါရီ ၇ ရက်တွင် ပူးတွဲကြေညာခဲ့သည်။

ကနေဒါ၊ မက္ကဆီကိုနှင့် အမေရိကန်နိုင်ငံတို့တွင် ပူးတွဲကျင်းပမည့် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ဗီဒီယိုအကူဒိုင်စနစ် (VAR) အတွက် AI အထောက်အကူပြု သရီးဒီပလေယာ အဗာတာ (avatar) ပုံရိပ်ဖော်စနစ်ဖြစ်သော Football AI Pro နှင့် ဒိုင်လူကြီး၏မြင်ကွင်းမှ ရိုက်ကူးထားသော ဗီဒီယိုမှတ်တမ်း Referee View အား အဆင့်မြှင့်ထားသော ဗားရှင်းတစ်မျိုးအပါအဝင် ရှင်းလင်းတိကျသည့် အေအိုင်နည်းပညာများကို အသုံးပြုသွားမည်ဖြစ်သည်။ အဆိုပါ နည်းပညာများကို Lenovo ကုမ္ပဏီက ကူညီပံ့ပိုးပေးမည်ဖြစ်သည်။

၂၀၂၆ ခုနှစ် ဖီဖာကမ္ဘာ့ဖလားပြိုင်ပွဲသည် ကမ္ဘာပေါ်တွင် အကြီးကျယ်အခမ်းအနားဆုံး ပြိုင်ပွဲကြီးဖြစ်လာမည်ဖြစ်ကြောင်း၊ ဖီဖာနှင့် Lenovo တို့သည် ဒစ်ဂျစ်တယ်နည်းပညာများနှင့် ဉာဏ်ရည်တုနည်းပညာဖြစ်သည့် 'Football AI' ကို အပြည့်အဝအသုံးပြုပြီး ပြိုင်ပွဲဝင်အသင်းများနှင့် ပြိုင်ပွဲတာဝန်ရှိသူများကို အထောက်အကူပေးသွားမည်ဖြစ်ကြောင်းနှင့် ကမ္ဘာတစ်ဝန်းက ပရိသတ်များကိုလည်း အံ့မခန်း အတွေ့အကြုံသစ်များ ပေးသွားမည်ဖြစ်ကြောင်း ဖီဖာဥက္ကဋ္ဌ ဂျန်နီအင်ဖန်တီနိုက ပြောသည်။




Lenovo ဥက္ကဋ္ဌနှင့် စီအီးအိုဖြစ်သူ ယန်ယွမ်ချင့်က ဖီဖာကမ္ဘာ့ဖလားပြိုင်ပွဲ သမိုင်းတစ်လျှောက်တွင် ၂၀၂၆ ဖီဖာကမ္ဘာ့ဖလားပြိုင်ပွဲသည် နည်းပညာပိုင်းအရ Lenovo ၏ AI နည်းပညာများကို အသုံးပြုမည့် အဆင့်အမြင့်ဆုံး အားကစားပြိုင်ပွဲတစ်ခုဖြစ်လာမည်ဟု ပြောကြားခဲ့သည်။ **ဆင်ဟွာ**




## နက်စလေး ကလေးအာဟာရဖြည့်စွက်စာအချို့ ပြန်လည်သိမ်းဆည်းမှု တရုတ်၊ အာဖရိက၊ အမေရိကနှင့် အာရှဒေသများသို့ပါ ကျယ်ပြန့်လာ

**လန်ဒန် ဇန်နဝါရီ ၈**

နက်စလေးကုမ္ပဏီမှ ထုတ်လုပ်သော ကလေးအာဟာရဖြည့်စွက်စာအချို့ကို ပြန်လည်သိမ်းဆည်းမှုသည် ဥရောပဒေသသာမကဘဲ ဘရာဇီး၊ တရုတ်နှင့် တောင်အာဖရိကနိုင်ငံတို့ အပါအဝင် အာဖရိက၊ အမေရိကနှင့် အာရှဒေသများသို့ပါ ကျယ်ပြန့်လာသည်ဟု ကုမ္ပဏီနှင့် နိုင်ငံအလိုက် အစားအသောက်ဘေးကင်းလုံခြုံရေးဆိုင်ရာဌာနများက ထုတ်ပြန်ကြေညာကြောင်း သိရသည်။

ပျို့အန်ခြင်းကို ဖြစ်စေနိုင်သော အဆိပ်အတောက်တစ်မျိုး ပါဝင်နေနိုင်သဖြင့် နက်စလေးကုမ္ပဏီက ပြန်လည်သိမ်းဆည်းခဲ့သည့် နို့မှုန့်အမှတ်တံဆိပ်များဖြစ်သော အက်စ်အမ်အေ၊ ဘီဘီအေ၊ နန်နှင့် အယ်လ်ဖာမီနို အသုတ်များနှင့်ပတ်သက်၍ လက်ရှိအချိန်အထိ ဖျားနာမှုဖြစ်ပွားကြောင်း အတည်ပြုချက် မရရှိသေးဟု ဆိုသည်။

ဥရောပနိုင်ငံအများစု အပါအဝင် အနည်းဆုံး ၃၇ နိုင်ငံနှင့် အတူ ဩစတေးလျ၊ ဘရာဇီး၊ တရုတ်၊ မက္ကဆီကိုနှင့် တောင်အာဖရိကနိုင်ငံတို့တွင် အဆိုပါ ကလေးနို့မှုန့်များ၌ အဆိပ်အတောက် ပါဝင်နေနိုင်ခြင်းနှင့် ပတ်သက်၍ ကျန်းမာရေးဆိုင်ရာ သတိပေးချက်များ ထုတ်ပြန်ထားကြောင်း သိရသည်။ **Mon**

## ဘိုင်အိုဒီဇယ်မူဝါဒ ထောက်ပံ့ရေး ရန်ပုံငွေလိုအပ်ချက်အရ အင်ဒိုနီးရှားနိုင်ငံ၌ စားအုန်းဆီပို့ကုန်ခွန်ကို တိုးမြှင့်ဖွယ်ရှိ

**ဂျကာတာ ဇန်နဝါရီ ၈**

အင်ဒိုနီးရှားနိုင်ငံသည် ၎င်း၏ ဘိုင်အိုဒီဇယ်မူဝါဒ ထောက်ပံ့ရေးအတွက် ရန်ပုံငွေလိုအပ်ချက်အရ စားအုန်းဆီပို့ကုန်ခွန်ကို တိုးမြှင့်ဖွယ်ရှိကြောင်း စွမ်းအင်ဝန်ကြီးဌာနအရာရှိ အီနီယာလစ္စတီယာနီဒီဗီက ဇန်နဝါရီ ၈ ရက်တွင် သတင်းထောက်များကို ထုတ်ဖော်ပြောကြားခဲ့ကြောင်း စီအင်န်အေ သတင်းဌာနက ဖော်ပြသည်။

ကမ္ဘာ့အကြီးဆုံး စားအုန်းဆီထုတ်လုပ်သည့် အင်ဒိုနီးရှားနိုင်ငံသည် စားအုန်းဆီ ၄၀ ရာခိုင်နှုန်းပါဝင်သော ဘိုင်အိုဒီဇယ် အရောအနှော (ဘီ၄၀) ကို ကမ္ဘာပေါ်တွင် အမြင့်ဆုံးနှုန်းထားဖြင့် စတင်အသုံးပြုနေပြီဖြစ်ပြီး ယခုနှစ်နှောင်းပိုင်းတွင် ၅၀ ရာခိုင်နှုန်းအထိ တိုးမြှင့်ရန် ကြိုးပမ်းလျက်ရှိသည်။

အင်ဒိုနီးရှားနိုင်ငံသည် ၎င်း၏ ဘိုင်အိုဒီဇယ်စီမံကိန်းကို စားအုန်းဆီပို့ကုန်ခွန်များမှ ရရှိသောငွေများဖြင့် ထောက်ပံ့ပေးနေခြင်းဖြစ်ပြီး လက်ရှိတွင် စားအုန်းဆီကြမ်း၏ လစဉ်ရည်ညွှန်းဈေးအပေါ် မူတည်၍ ပို့ကုန်ခွန် ၁၀ ရာခိုင်နှုန်း သတ်မှတ်ထားကာ အဆင့်မြင့်ချောဆီများအတွက်မူ ၄ ဒသမ ၇၅ ရာခိုင်နှုန်းမှ ၉ ဒသမ ၅ ရာခိုင်နှုန်းအကြား သတ်မှတ်ထားကြောင်း သိရသည်။ **Mon**






## အန္တရာယ်အရှိဆုံး တောမီးတောက်လောင်နိုင်သည့် အခြေအနေများ ဩစတြေးလျနိုင်ငံ၏ ဒေသအချို့တွင် ကြုံတွေ့လာနိုင်သည်ဟု ဆို



**ကင်ဘာရာ ဇန်နဝါရီ ၈**

ဩစတြေးလျနိုင်ငံ၏ ဒေသအချို့တွင် ဇန်နဝါရီ ၉ ရက်၌ အန္တရာယ်အရှိဆုံးအဆင့်ရှိသော တောမီးများတောက်လောင်နိုင်သည့် အခြေအနေများနှင့် ရင်ဆိုင်ရမည်ဖြစ်ပြီး နိုင်ငံတစ်ဝှမ်းလုံးနီးပါးတွင် အပူလှိုင်းများ ဖြတ်သန်းဖွယ်ရှိကြောင်း သိရသည်။

ဩစတြေးလျနိုင်ငံ ကွင်းစလန်းပြည်နယ်မှအပ ကျန်ရှိသော ပြည်နယ်နှင့် နယ်မြေအားလုံးတွင် ပြင်းထန်သည့် အပူလှိုင်းသတိပေးချက်များကို ထုတ်ပြန်ထားပြီး မြင့်မားသောအပူချိန်များသည် ရက်ပေါင်းများစွာ ဆက်လက်ရှိနေမည်ဟု ခန့်မှန်းထားသည်။

ဗစ်တိုးရီးယားပြည်နယ်တွင် ဇန်နဝါရီ ၉ ရက်အတွက် တောမီးအန္တရာယ်သတိပေးချက်ကို အမြင့်ဆုံးအဆင့်ဖြစ်သော "အန္တရာယ်အရှိဆုံး" အဆင့်အဖြစ် သတ်မှတ်ထားကာ မီးရှို့ခြင်းကို လုံးဝတားမြစ်ထားသည်။ ထို့ပြင် စာသင်ကျောင်းနှင့် ကလေးထိန်းကျောင်းပေါင်း ၄၅၀ ခန့်ကိုလည်း ပိတ်ထားမည်ဖြစ်သည်။

အပူလှိုင်းများကျရောက်ခြင်းနှင့် တောမီးအန္တရာယ် မြင့်မားနေခြင်းတို့ ပေါင်းစပ်ကာ နိုင်ငံ၏ ဒေသအချို့တွင် ပျက်စီးဆုံးရှုံးမှုကြီးမားခဲ့သည့် အနက်ရောင်နွေရာသီ တောမီးလောင်ကျွမ်းမှုဖြစ်စဉ်နောက်ပိုင်း အဆိုးရွားဆုံး အခြေအနေများ ဖြစ်ပေါ်လာနိုင်သည်ဟု မိုးလေဝသပညာရှင်တစ်ဦးက သုံးသပ်ထားကြောင်း သိရသည်။ **Mon**

STOP AIDS

## ထိုင်းနိုင်ငံ ချလောင်ပင်လယ်အော်ရှိ ဆိပ်ခံတံတားတစ်ခုတွင် မီးလောင်မှုဖြစ်ပွား၊ အမြန်ရေယာဉ် ၂၂ စင်း မီးလောင်ပျက်စီး

**ဘန်ကောက် ဇန်နဝါရီ ၈**

ထိုင်းနိုင်ငံ ဖူးခက်ကျွန်း၊ ချလောင်ပင်လယ်အော်ရှိ ဆိပ်ခံတံတားတစ်ခုတွင် ဇန်နဝါရီ ၇ ရက် နံနက်အစောပိုင်းက မီးလောင်မှုဖြစ်ပွားခဲ့ရာ ကုမ္ပဏီ ၁၃ ခုမှ အမြန်ရေယာဉ် ၂၂ စင်း မီးလောင်ပျက်စီးခဲ့ကြောင်း စီအင်န်အေ သတင်းဌာနက ဖော်ပြသည်။

အဆိုပါ အမြန်ရေယာဉ်အများစုမှာ ထိုင်းနိုင်ငံ၏ လူကြိုက်များသော အပန်းဖြေကျွန်းသို့ ပို့ဆောင်ရန်အတွက် စက်သုံးဆီများ အပြည့်ဖြည့်တင်းထားသည့် ရေယာဉ်များဖြစ်ပြီး ပျက်စီးဆုံးရှုံးမှု တန်ဖိုးမှာ ဘတ် ၃၈ သန်း (အမေရိကန်ဒေါ်လာ ၁.၂ သန်း) ခန့်ရှိမည်ဟု တာဝန်ရှိသူများက ခန့်မှန်းထားသည်။

သို့သော်လည်း ကျန်ရှိသော ရေယာဉ်အရေအတွက်မှာ ခရီးသွားလုပ်ငန်း လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ခြင်းမရှိသဖြင့် ကမ္ဘာလှည့်ခရီးသည် ထောင်ပေါင်းများစွာ ခရီးစဉ်များ ထွက်ခွာနိုင်ခြင်းမရှိဘဲ အခြေအနေမှာ ပြင်းထန်လျက်ရှိသည်ဟု ဆိုသည်။

အချို့သော ကုမ္ပဏီများသည် အစားထိုးရေယာဉ်များကို စီစဉ်နိုင်ခဲ့သော်လည်း ခရီးစဉ်အများအပြားမှာ ဖျက်သိမ်းခဲ့ရပြီး အဆိုပါ မီးလောင်မှုသည် ယင်းဒေသတွင် အကြီးမားဆုံးသော မီးလောင်မှုဖြစ်ကြောင်း လုပ်ငန်းရှင်များက ပြောကြားသည်။

အမြန်ရေယာဉ်တစ်စင်းပေါ်မှ ပေါက်ကွဲသံကြားရပြီးနောက် လေပြင်းတိုက်ခတ်မှုကြောင့် မီးတောက်များမှာ ဘေးပတ်ဝန်းကျင်ရှိ ရေယာဉ်များသို့ ကူးစက်ပြန့်နှံ့သွားခြင်းဖြစ်ကြောင်း သိရသည်။ **Mon**

# မဟာအောင်မြေမြို့နယ်အတွင်းရှိ အရန်မီးသတ်ခေါင်းဆောင်များနှင့်တွေ့ဆုံ၍ မီးဘေးလုံခြုံရေးဆိုင်ရာများ မှာကြား

**မန္တလေး ဇန်နဝါရီ ၈**

မန္တလေး၊ မဟာအောင်မြေမြို့နယ် မြို့နယ်မီးသတ်ဦးစီးမှူးရုံးခန်းမတွင် ဇန်နဝါရီ ၇ ရက် နံနက်ပိုင်းက မန္တလေးခရိုင် မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးမင်းမင်းစိုးက မဟာအောင်မြေမြို့နယ်အတွင်းရှိ အရန်မီးသတ်ခေါင်းဆောင်များနှင့် တွေ့ဆုံပွဲ ပြုလုပ်သည်။



တွေ့ဆုံပွဲတွင် မန္တလေးခရိုင် မီးသတ်ဦးစီးမှူးလက်ထောက်ညွှန်ကြားရေးမှူးက မဲရုံအတွင်းနှင့် အပြင်တွင် တာဝန်ကျသော အရန်မီးသတ်တပ်ဖွဲ့ဝင်များအား မဲရုံမီးဘေးလုံခြုံရေး အထူးဂရုစိုက်ကြရန်၊ မလိုလားအပ်သော အုပ်ချုပ်မှုလျော့နည်း ဖြစ်စဉ်မဖြစ်စေရေးအတွက် တာဝန်ခံခေါင်းဆောင်များအား အထူးဂရုစိုက်ဆောင်ရွက်ကြရန်တို့ကို မှာကြားခဲ့သည်။

ထို့နောက် တက်ရောက်လာကြသော အရန်မီးသတ်အရာရှိများ၏ ဆွေးနွေးလိုသော အချက်များနှင့် သိရှိလိုသည်များကို ခရိုင်မီးသတ်ဦးစီးမှူးနှင့် မြို့နယ်မီးသတ်ဦးစီးမှူးများက ပြန်လည်ဖြေကြားခဲ့ကြသည်။

ဆက်လက်၍ ခရိုင်မီးသတ်ဦးစီးမှူးက မဟာအောင်မြေမြို့နယ်အတွင်းရှိ အရန်မီးသတ်စခန်းများအား သွားရောက်စစ်ဆေးခဲ့ပြီး ယာဉ်၊ စက်၊ လူအင်အားများအား သင့်(၄)သင့်ဖြစ်နေစေရေးအတွက် တာဝန်ခံများအား အလေးထားဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။

(ခဲပုံ)

(၀၇၀)

---

# အရေးပေါ်ရှာဖွေကယ်ဆယ်ရေးသင်တန်း အမှတ်စဉ်(၁)ဖွင့်လှစ် သင်ကြား

**မန္တလေး ဇန်နဝါရီ ၈**

မြန်မာနိုင်ငံလူမှုကယ်ဆယ်ရေးအဖွဲ့(မန္တလေးတိုင်းဒေသကြီး ကော်မတီရုံး)နှင့် KBZ Center Mandalay တို့ ပူးပေါင်းဖွင့်လှစ်သော အရေးပေါ်ရှာဖွေကယ်ဆယ်ရေးသင်တန်း အမှတ်စဉ်(၁)သင်တန်းဖွင့်ပွဲကို ဇန်နဝါရီ ၆ ရက် နံနက် ၉ နာရီက ချမ်းမြသာစည်မြို့နယ်၊ ၇၃လမ်းနှင့် ၁၁၀ လမ်းထောင့်ရှိ KBZ Center Mandalay ခန်းမတွင် ကျင်းပသည်။

သင်တန်းဖွင့်ပွဲသို့ မြန်မာနိုင်ငံလူမှုကယ်ဆယ်ရေးအဖွဲ့(မန္တလေးတိုင်းဒေသကြီး ကော်မတီရုံး) ဥက္ကဋ္ဌ ဦးလှိုင်မင်းဦးနှင့်ကော်မတီအဖွဲ့ဝင်များ၊ KBZ Center Mandalay မှ တာဝန်ရှိသူများ၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်တို့မှ သင်တန်းသား ၄၀ ကျော်တက်ရောက်ကြသည်။

သင်တန်းတွင် ကယ်ဆယ်ရေးဆိုင်ရာ အခြေခံနည်းစနစ်များ၊ အရေးပေါ်လူနာရွှေ့ပြောင်းနည်း၊ လူနာပြုစုနည်း၊ လူနာစောင့်ရှောက်ခြင်း၊ အရေးပေါ်ကယ်ဆယ်ရေးဆိုင်ရာ သင်ခန်းစာများကို သင်တန်းကာလ ၁၀ ရက်ကြာ စာတွေ့၊ လက်တွေ့ သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

(အောက်ပုံ)

(၀၄၅)




---

# စိုက်ပျိုးရေးဦးစီးဌာနမှ တောင်သူများအား သွင်းအားစုပေးအပ်ပွဲ ကျင်းပ

**မောက်မယ် ဇန်နဝါရီ ၈**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လင်းခေးခရိုင်၊ မောက်မယ်မြို့နယ်အတွင်းရှိ ဒေသခံတောင်သူများ၏ လယ်မြေများတွင် သီးနှံအထွက်တိုးစေရန်နှင့် ဘက်စုံအဆင့်မြင့်နည်းပညာသုံး သိပ္ပံနည်းကျ စိုက်နည်းစနစ် အလေ့အကျင့်ကောင်းများ ရရှိစေရန် ရည်ရွယ်၍ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ တစ်ကွင်းတစ်ဆက်တည်း အကွက်ကျယ်စံပြကွက် စိုက်ပျိုးသည့် တောင်သူများအား သွင်းအားစုပေးအပ်ပွဲကို ယမန်နေ့ နံနက် ၉ နာရီက မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းသက်နိုင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးစွမ်းရည်ထူးက လယ်ယာလုပ်ငန်းအတွက်ကုန်ကျမှုစရိတ်လျှော့ချနိုင်စေရန်အတွက် ဓာတ်မြေဩဇာအသုံးပြုမှုနှင့် ပတ်ဝန်းကျင်ကို ထိခိုက်မှုမရှိဘဲ မြေဆီလွှာဖွံ့ဖြိုးတိုးတက်စေရန်အတွက် သိပ္ပံနည်းကျစိုက်နည်းစနစ် အလေ့အကျင့်ကောင်းများကို လိုက်နာကျင့်သုံးနိုင်ရေးဆွေးနွေးပြောကြားပြီး တစ်ကွင်းတစ်ဆက်တည်း အကွက်ကျယ်စံပြကွက် စိုက်ပျိုးသည့်တောင်သူများအား တာဝန်ရှိသူများက သွင်းအားစုများ ပေးအပ်ခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

မြို့နယ်(ပြန်/ဆက်)






ဖတ်စရာ၊ မှတ်စရာ စုံလင် မန္တလေး တေးနှင့်

## စုံညီပွဲတော် တူနွဲ့ပျော်

* ပျော်ပျော်ရွှင်ရွှင် ဆင်နွှဲတာ
စုံညီပွဲတော်မှာ
ကိုယ်ရောစိတ်ပါ ပျော်ရွှင်ဖို့
စုံညီပွဲတော် သွားကြစို့ ။

* ကျောင်းသားအပေါင်းတို့ ဆုံဆည်းရာ
စုံညီပွဲတော်မှာ
သူငယ်ချင်းအပေါင်းတွေ့ဆုံဖို့
စုံညီပွဲတော် သွားကြစို့ ။

* အားကစားပေါင်းစုံ ပြိုင်ကြတာ
စုံညီပွဲတော်မှာ
ကျန်းမာကြံ့ခိုင်သန်မာဖို့
စုံညီပွဲတော် သွားကြစို့ ။

* ကဗျာရွတ်ဆို ပြိုင်ကြတာ
စုံညီပွဲတော်မှာ
ပညာရှိတွေ ပေါ်ထွက်ဖို့
စုံညီပွဲတော် သွားကြစို့ ။

* ကျောင်းသူလေးများ ကကြတာ
စုံညီပွဲတော်မှာ
လှပဝေဆာ ကြည့်ကြဖို့
စုံညီပွဲတော် သွားကြစို့ ။

* တစ်နှစ်တစ်ခါ ပျော်ရွှင်စွာ
စုံညီပွဲတော်မှာ
စုံညီပွဲတော် ပျော်မဆုံး
တို့ကျောင်းသားအားလုံး ။ ။

မောင်မောင်လင်းထွဋ်(နန်းတော်ရှေ့)

မြို့တော်တစ်ပိုက် သန့်မှကြိုက် အမှိုက်မရှုပ်နှင့်။

ဖုန်း ခမ္ပိ သံယံ

# 35 CORNER မျက်မှန်ဆိုင်

ပါဝါမျက်မှန်၊ နေကာမျက်မှန်၊ အလှတပ်မျက်ကပ်မှန်များကို နောက်ဆုံးပေါ်ကွန်ပျူတာစက်ကြီးများဖြင့် ကျွမ်းကျင်ဆရာဝန်ကြီးများ ကိုယ်တိုင်စမ်းသပ်စစ်ဆေးပေးနေပြီး မျက်မှန်ကိုင်းများကိုလည်း နေ့ချင်းပြီး ဆောင်ရွက်ပေးနေပါသည်။

'ဈေးချင်းတူလျှင် ပစ္စည်းပိုကောင်းရမည်၊ ပစ္စည်းချင်းတူလျှင် ဈေးပိုသက်သာရမည်။'

ဆိုင် (၁)၃၅ လမ်း × ၈၄ လမ်းထောင့် ။ Ph:09-880909030, 09-91001454 ဆိုင် (၂)၇၉ လမ်း × ၂၇ × ၂၈ လမ်းကြား ။ Ph:09-780678007
ဆိုင် (၃)၆၂လမ်း × ၁၀၉ လမ်းထောင့် ။ Ph:09-880909040

## အမျိုးသမီး ဝန်ထမ်း အလိုရှိသည်

**အရောင်းဝန်ထမ်း အမျိုးသမီး ၁၀ ဦး** အလိုရှိသည်။

- ပညာအရည်အချင်းမလို။
- လုပ်ငန်းအတွေ့အကြုံမလို။
- အလုပ် လုပ်ချင်စိတ်ရှိရမည်။

နယ်မှ လာရောက်လျှောက်ထားသူများအတွက် နေထိုင်စားစရိတ် စီစဉ်ပေးမည်။

**၇၉လမ်း၊ ၂၇လမ်းနှင့် ၂၈လမ်းကြား၊ 35 Corner မျက်မှန်ဆိုင် မန္တလေးမြို့**သို့ လာရောက်လျှောက်ထားနိုင်ပါသည်။

**ဆက်သွယ်ရန် - ဖုန်း ၀၉-၇၅၀၅၆၇၆၉၄**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(ဗ-၂)၊ ဦးပိုင်နံပါတ်(၁၉-ခ)ဟု ခေါ်တွင်သော မြေဧရိယာ(၀.၀၁၅၅)ဧက အကျယ်အဝန်းရှိ ဦးလှအောင် အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးမိုးကျော်(ဘ)ဦးအေးမော်(၉/မရတ(နိုင်)၀၃၉၅၈၆)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ -**

**ဒေါ်အေးစုထွန်း (LL.B,LL.M,DBL)** — **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်မာမာဌေး (LL.B)** — **တရားလွှတ်တော်ရှေ့နေ**

**၅၄လမ်း၊ ၁၁၂လမ်းနှင့် ၁၁၂(ဘီ)လမ်းကြား၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၄၀၂၆၀၆၀၄၁၊ ၀၉-၄၀၂၆၇၀၄၄၇**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ အကွက်အမှတ်(ဇဇ-၃၃)၊ ဦးပိုင်နံပါတ်(၆၁)ဟု ခေါ်တွင်သော မြေဧရိယာ(၀.၀၂၇၅)ဧက၊ ပေ(၃၀ × ၄၀)အကျယ်အဝန်းရှိ ဦးရွှေနန်း အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏ အရှေ့ဘက်ခြမ်း(၁၅ပေ×ပေ၄၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးမင်းအောင်(ဘ)ဦးဖိုးယုံ(၉/ပသက(နိုင်)၀၂၅၅၄၉)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ -**

**ဒေါ်အေးစုထွန်း (LL.B,LL.M,DBL)** — **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်မာမာဌေး (LL.B)** — **တရားလွှတ်တော်ရှေ့နေ**

**၅၄လမ်း၊ ၁၁၂လမ်းနှင့် ၁၁၂(ဘီ)လမ်းကြား၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၄၀၂၆၀၆၀၄၁၊ ၀၉-၄၀၂၆၇၀၄၄၇**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ်(ဆဆ-၇)၊ ဦးပိုင်နံပါတ်(၉၃-ခ)ဟု ခေါ်တွင်သော မြေဧရိယာ(၀.၀၁၃၇)ဧက အကျယ်အဝန်းရှိ ဦးငယ် အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်နွယ်နွယ်ဝင်း(ဘ)ဦးမောင်သောင်း(၈/ထလန(နိုင်)၀၃၅၃၉၉)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ -**

**ဒေါ်အေးစုထွန်း (LL.B,LL.M,DBL)** — **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်မာမာဌေး (LL.B)** — **တရားလွှတ်တော်ရှေ့နေ**

**၅၄လမ်း၊ ၁၁၂လမ်းနှင့် ၁၁၂(ဘီ)လမ်းကြား၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၄၀၂၆၀၆၀၄၁၊ ၀၉-၄၀၂၆၇၀၄၄၇**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ်(အပိုင်း-၃)၊ ဦးပိုင်နံပါတ်(၇၁-ဂ)ဟု ခေါ်တွင်သော မြေဧရိယာ(၀.၁၁၃မ ၀၁၈၄)ဧက အကျယ်အဝန်းရှိ ဦးစိုးငွေ အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်ကြည်ကြည်သိန်း(ဘ)ဦးရွှေသိန်း(၁၃/သပန(နိုင်)၀၃၃၄၀၇) [၄င်း၏ကိုယ်စား ဒေါ်သင်းသင်းဌေး(ဘ)ဦးအောင်ဆန်း(၅/ဆလက(နိုင်)၀၇၁၃၉၃)]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

**ဦးတင်အောင်မိုး (LL.B, LL.M)** — **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်အိအိမွန် (LL.B, LL.M)** — **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်ယုသစင်အောင် (LL.M)** — **တရားလွှတ်တော်ရှေ့နေ**
**ဦးဝေဖြိုးသူ (LL.M)** — **တရားလွှတ်တော်ရှေ့နေ**
**ဦးဖြိုးသာခန့်(LL.B)** — **အထက်တန်းရှေ့နေ**
**ဒေါ်ကောင်းစုဝမ်း(LL.B)** — **အထက်တန်းရှေ့နေ**

**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ်(ညည-၄၈)၊ ဦးပိုင်နံပါတ်(၃၃-ခ)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ၁၁၃မ ၀၂၇၅)ဧက၊ ပေ(၃၀ × ၄၀) အကျယ်အဝန်းရှိ ဒေါ်ခင်အေး အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏ မြောက်ဘက်ခြမ်း (၁၅ပေ×ပေ၄၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးခွေး(ဘ)ဦးကျော်စိန်(၉/မရမ(နိုင်)၀၄၃၈၉၁) [၄င်း၏ကိုယ်စားဇနီးဖြစ်သူ ဒေါ်တင်ဦး(ဘ)ဦးလှ]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

**ဦးတင်အောင်မိုး (LL.B, LL.M)** — **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်အိအိမွန် (LL.B, LL.M)** — **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်ယုသစင်အောင် (LL.M)** — **တရားလွှတ်တော်ရှေ့နေ**
**ဦးကြည်ယံ (LL.M)** — **အထက်တန်းရှေ့နေ**
**ဦးစည်သူအောင် (LL.B)** — **အထက်တန်းရှေ့နေ**
**ဒေါ်သဲမို့မို့ထွန်း (LL.B)** — **အထက်တန်းရှေ့နေ**

**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(ဗ-၁၄)၊ ဦးပိုင်နံပါတ်(၁၉)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ၁၁၃မ ၀၂၇၅)ဧက၊ ပေ(၄၀ × ၃၀) အကျယ်အဝန်းရှိ ဦးထွန်းညွန့် အမည်ပေါက် ဂရန်မြေကွက်၏ အရှေ့ဘက်ခြမ်း ပေ(၂၀×၃၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးအောင်ပြည့်ဖြိုး(ဘ)ဦးခင်မောင်(၉/ခမစ(နိုင်)၀၃၃၃၅၇)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

**ဦးတင်အောင်မိုး (LL.B, LL.M)** — **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်အိအိမွန် (LL.B, LL.M)** — **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်ယုသစင်အောင် (LL.M)** — **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်အေးနန္ဒာထွန်း (LL.B)** — **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်မာလာစိုး (LL.B)** — **အထက်တန်းရှေ့နေ**
**ဒေါ်ဖူးသန့်မွန် (LL.B)** — **အထက်တန်းရှေ့နေ**

**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(ထထ-၃၃)၊ ဦးပိုင်နံပါတ်(၂၄)ဟု ခေါ်တွင်သော မြေဧရိယာ (၀ ၁၁၃မ ၀၅၅၁)ဧက၊ ပေ(၆၀ × ၄၀) အကျယ်အဝန်းရှိ ဦးဝင်းဦး အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏ တောင်ဘက်အစွန်ဆုံးအခြမ်း (၁၅ပေ×ပေ၄၀)နှင့်ကပ်လျက် မြောက်ဘက်ပိုင်း (၁၆ပေ×ပေ၄၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်လှိုင်လှိုင်(ဘ)ဦးလုံး(၉/ခမစ(နိုင်)၀၆၅၃၅၂)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

**ဦးတင်အောင်မိုး (LL.B, LL.M)** — **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်အိအိမွန် (LL.B, LL.M)** — **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်ယုသစင်အောင် (LL.M)** — **တရားလွှတ်တော်ရှေ့နေ**
**ဦးကြည်ယံ (LL.M)** — **အထက်တန်းရှေ့နေ**
**ဦးစည်သူအောင် (LL.B)** — **အထက်တန်းရှေ့နေ**
**ဒေါ်သဲမို့မို့ထွန်း (LL.B)** — **အထက်တန်းရှေ့နေ**

**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁**

❖ ကျွန်တော်တို့အနေနဲ့ ငြိမ်းချမ်းရေးဖော်ဆောင်ရာမှာ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) နဲ့ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) လမ်းကြောင်းကို အဓိကကိုင်စွဲပြီး လျှောက်လှမ်းလျက်ရှိပါတယ်။ ငြိမ်းချမ်းရေး ဖော်ဆောင်ရာမှာလည်း ပြည်ပစွက်ဖက်မှုမရှိဖို့လိုသလို ပြည်တွင်းက အဖျက်အမှောင့် ပယောဂတွေ ကင်းကင်းရှင်းရှင်းနဲ့ လုပ်ဆောင်နိုင်ဖို့လည်း လိုပါတယ်။...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ ဇွန် ၂၅ ရက်နေ့တွင် ပြုလုပ်သော ငြိမ်းချမ်းရေးဖိုရမ် - Peace Forum 2025 ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

## ပို့ကုန်လုပ်ငန်းရှင်များအား တိုက်တွန်းနှိုးဆော်ခြင်း

၁။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် ပို့ကုန်တင်ပို့ခြင်းမှ ရရှိသည့် ပို့ကုန်ရငွေပမာဏ၏ ၂၅ ရာခိုင်နှုန်းအစား ၁၅ ရာခိုင်နှုန်းကိုသာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ အမိန့်ကြော်ငြာစာအမှတ် (၁၂/၂၀၂၂) ပါ သတ်မှတ်ညွှန်ကြားချက်များအတိုင်း မြန်မာကျပ်ငွေဖြင့် လဲလှယ်ဆောင်ရွက်ရန် ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၇ ရက်နေ့၊ အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၂၆) ဖြင့် ပြင်ဆင်သတ်မှတ်ကြောင်း ထုတ်ပြန်ကြေညာထားရှိပါသည်။

၂။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့်လည်း ပို့ကုန်လုပ်ငန်းများ အဆင်ပြေချောမွေ့စေရေးအတွက် ပို့ကုန်လိုင်စင်လျှောက်ထားမှုများကို အချက်အလက်ပြည့်စုံစွာ တင်ပြလာပါက Automatic Licensing စနစ်ဖြင့် အလိုအလျောက်ခွင့်ပြုခြင်း၊ Non-Automatic Licensing စနစ်ဖြင့် လျှောက်ထားမှုများကို ပို့ကုန်သွင်းကုန် လုပ်ငန်းညှိနှိုင်းမှုကော်မတီက စိစစ်ပြီး ရုံးဖွင့်ရက်များ၌ ၂၄ နာရီအတွင်း ခွင့်ပြုခြင်းများဖြင့် ဆောင်ရွက်ပေးလျက်ရှိပါသည်။

၃။ သို့ဖြစ်ပါ၍ ပို့ကုန်လုပ်ငန်းရှင်များအနေဖြင့် ပို့ကုန်လိုင်စင်လျှောက်ထားသည့် စောင်ရေနှင့် ပမာဏအတိုင်း အပြည့်အဝ မှန်မှန်ကန်ကန်တင်ပို့ကြရန်နှင့် ပို့ကုန်ရငွေပြန်လည်ဝင်ရောက်မှုအပေါ် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က သတ်မှတ်ထားသည့် ကာလအတွင်း အပြည့်အဝပြန်လည်ဝင်ရောက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

## သွင်းကုန်လုပ်ငန်းရှင်များအား အသိပေးကြေညာခြင်း

၁။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနအနေဖြင့် သွင်းကုန်လုပ်ငန်းရှင်များက ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့မှစတင်၍ လျှောက်ထားသည့် သွင်းကုန်လိုင်စင်/ပါမစ်လျှောက်လွှာများ၏ သက်တမ်းကို ရက်ပေါင်း ၁၈၀ သတ်မှတ်မည်ဖြစ်ကြောင်း၊ ပြည်တွင်းတွင် ရောင်းဝယ်ခြင်းလုပ်ငန်း (Trading) ဆောင်ရွက်ရန် တင်သွင်းမှုများအတွက် လိုင်စင်လျှောက်ထားရာတွင် ကုမ္ပဏီတစ်ခုလျှင် ကုန်ပစ္စည်းအမျိုးအစားတူညီပါက ပြက္ခဒိန် တစ်လအတွင်း တစ်စောင်သာ လျှောက်ထားရန်နှင့် အဆိုပါတစ်စောင်ကိုသာ အတည်ပြုခွင့်ပြုသွားမည်ဖြစ်ကြောင်းနှင့် သွင်းကုန်လိုင်စင်/ပါမစ်လျှောက်လွှာ သက်တမ်းရက်ပေါင်း ၁၈၀ ကျော်လွန်သည့် လျှောက်ထားမှုများကို Myanmar Tradenet 2.0 စနစ်မှ ပယ်ဖျက်ခြင်း (Auto Cancel) ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကို ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့တွင် အသိပေးကြေညာချက်(၄/၂၀၂၅) ဖြင့် အသိပေးထုတ်ပြန်ထားရှိပါသည်။

၂။ သို့ဖြစ်ပါ၍ သွင်းကုန်လုပ်ငန်းရှင်များအနေဖြင့် သွင်းကုန်လိုင်စင်/ပါမစ်လျှောက်လွှာများနှင့် စပ်လျဉ်း၍ ထုတ်ပြန်ချက်များအတိုင်း သိရှိလိုက်နာဆောင်ရွက်နိုင်ရေး တိုက်တွန်းနှိုးဆော်အပ်ပါသည်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

# KK Park နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံ ၆၃၃ လုံး စနစ်တကျဖြိုချဖျက်ဆီးပြီးဖြစ်

**နေပြည်တော် ဇန်နဝါရီ ၈**

မြန်မာနိုင်ငံအစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ အများဆုံးအခြေချလုပ်ကိုင်လျက်ရှိကြသည့် ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေများရှိ တရားမဝင်အဆောက်အအုံများအတွင်း ဝင်ရောက်ရှင်းလင်း၍ အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်းစဉ်များတွင် အသုံးပြုခဲ့သည့် သိမ်းဆည်းရမိပစ္စည်းများအား စနစ်တကျဖျက်ဆီးခြင်းနှင့် တရားမဝင်အဆောက်အအုံများအား စနစ်တကျဖြိုချဖျက်ဆီးခြင်းများကို အဖွဲ့စုံပါဝင်သည့် ပူးပေါင်းအဖွဲ့ဖြင့် ဆောင်ရွက်လျက်ရှိရာ ယနေ့တွင်လည်း KK Park နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံ နှစ်လုံးကို ထပ်မံဖြိုချ ဖျက်ဆီးခဲ့ကြောင်း သိရသည်။

ယနေ့တွင် မြဝတီ-မဲ့ထော်သလေး(KK Park)အပိုင်း(၁) နယ်မြေရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် တရားမဝင်အဆောက်အအုံ ၁၄၈ လုံးနှင့် အပိုင်း(၃)နယ်မြေအတွင်းရှိ တရားမဝင် အဆောက်အအုံ ၄၂၅ လုံးတို့အား ဖြိုချဖျက်ဆီးပြီးဖြစ်ပြီး ယနေ့တွင် အပိုင်း(၂)နယ်မြေအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် တရားမဝင် ငါးထပ်အဆောက်အအုံ နှစ်လုံးကို ထပ်မံဖြိုချဖျက်ဆီးခဲ့သဖြင့် KK Park နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံ စုစုပေါင်း ၆၃၅ လုံးအနက် ၆၃၃ လုံးကို စနစ်တကျ ဖြိုချဖျက်ဆီးပြီး ဖြစ်ကြောင်း သိရသည်။







KK Park နယ်မြေအပိုင်း(၃)တွင် တရားမဝင် ဆောက်လုပ်ထားသည့် နှစ်ထပ် လူနေအဆောက်အအုံများအား လေအိုးမီးအိုးဖြင့် ဖျက်ဆီးစဉ်။

ထို့ပြင် KK Park နယ်မြေအပိုင်း(၃)အတွင်းရှိ တရားမဝင်အဆောက်အအုံများအနက် ယာဉ်ယန္တရားများအသုံးပြု၍ ဖြိုချဖျက်ဆီးခြင်းများ ဆောင်ရွက်ပြီးစီးခဲ့သည့် တရားမဝင်အဆောက်အအုံများကို အလုံးစုံပျက်စီးစေရန် အတွက် လေအိုးမီးအိုးဖြင့် ထပ်မံဖျက်ဆီးခြင်းများကိုလည်း ဒီဇင်ဘာ ၁၄ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ ယနေ့တွင် နှစ်ထပ်အဆောက်အအုံ ငါးလုံးကို ထပ်မံဖျက်ဆီးနိုင်ခဲ့သဖြင့် စုစုပေါင်း တရားမဝင်အဆောက်အအုံ ၁၁၆ လုံးတို့ကို ရာခိုင်နှုန်းပြည့်ဖျက်ဆီးပြီးဖြစ်ကြောင်း သိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်မှုများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူကာ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေး ပြည်တွင်းအင်အားစုများ အပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

၀-၀-၀-၀

၀-၀-၀-၀-၀



# ပရီးမီးယားလိဂ်သမိုင်းတွင် တစ်ရာသီအတွင်း သွင်းဂိုးအများဆုံး ဘရာဇီးကစားသမားအဖြစ် အီဂေါ်သီယာဂို မှတ်တမ်းဝင်

**လန်ဒန် ဇန်နဝါရီ ၈**

ဘရန့်ဖို့ဒ်အသင်းတိုက်စစ်မှူး အီဂေါ်သီယာဂိုသည် ဖာမီနို၊ မာတင်နယ်လီ၊ ကန်ဟာတို့အား ကျော်ဖြတ်ပြီး ပရီးမီးယားလိဂ်သမိုင်းတွင် တစ်ရာသီအတွင်း သွင်းဂိုးအများဆုံး ဘရာဇီးကစားသမားအဖြစ် စံချိန်မှတ်တမ်းတစ်ရပ်ပိုင်ဆိုင်ခဲ့သည်။

အဆိုပါ တိုက်စစ်မှူးသည် ဘရန့်ဖို့ဒ်အသင်းက ဆန်းဒါးလန်းအသင်းအား သုံးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် အသင်းအတွက် သွင်းဂိုးနှစ်ဂိုး သွင်းယူပြီး ယခုနှစ်ဘောလုံးရာသီ ပရီးမီးယားလိဂ်သွင်းဂိုး (၁၆)ဂိုးထိ ရှိလာပြီး ယခုလို မှတ်တမ်းတစ်ရပ် ပိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်။

ထို့ပြင် တိုက်စစ်မှူး အီဂေါ်သီယာဂိုသည် ဘရန့်ဖို့ဒ်အသင်းနှင့်အတူ ယခုနှစ်ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ ၂၂ပွဲကစားပြီး သွင်းဂိုး ၁၇ဂိုးထိ သွင်းယူကာ ခြေစွမ်းပြထားသည်။ **(NGB)**